www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၇၄၀၉၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၈၁၀၀၀၀၉၁၀

ထုတ်ဝေသူ - ဦးဝင်းသူရလွင်
(အိပ်မက်အသစ်စာပေ)
၃၈ (၃ လွှာ)၊ ၁၅၃-လမ်း၊
တာမွေမြို့နယ်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးဇော်မြင့်ဝင်း
(ကာလာဖုန်ပုံနှိပ်တိုက်)
၁၈၄ (ဘီ)၊ ၃၁ လမ်း (အထက်)
ပန်းဘဲတန်းမြို့နယ်။

မျက်နှာဖုံးဒီဇိုင်း - Yelay

ပုံနှိပ်ခြင်း - ပထမအကြိမ်
စက်တင်ဘာလ၊ ၂၀၁၀ ခုနှစ်။

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၁၈၀၀ ကျပ်

၈၉၅.၈၃

လူနေ

ပါဆယ်/ လူနေ ။ - ရန်ကုန် ။

အိပ်မက်အသစ် ၊ ၂၀၁၀။

၁၉၆- စာ၊ ၁၂ × ၁၈.၅ စင်တီမီတာ။

(၁) ပါဆယ်

| | | |
|---|---|---|
| ၆။ | [illegible]ပျံ | တာရာမင်းဝေ၊ ဝေမှုံးသွင် |
| ၇။ | [illegible] | သစ္စာနီ၊ မင်းခိုက်စိုးစန် |
| ၈။ | မုန့်ကြိုတစ်ဦး၏ဖာလှဒါအရသာ | ဝေမှုံးသွင် |
| ၉။ | ကြက်ခြေခတ်နှစ်ခု | တာရာမင်းဝေ၊ ဝေမှုံးသွင် |
| ၁၀။ | မင်းလူ...ဝေမှုံးသွင်...L မင်းပြည့်မွန် | မင်းလူ၊ ဝေမှုံးသွင်၊ Lမင်းပြည့်မွန် |
| ၁၁။ | ပြတင်းပေါက်ကလွတ်ကျသွားတဲ့အိပ်မက် | Lမင်းပြည့်မွန် |
| ၁၂။ | အိပ်မက်တစ်မက်စာ | ရွှေထိုက် |
| ၁၃။ | တစ်ဝက်တစ်ပျက်ည | မင်းခိုက်စိုးစန်၊ Lမင်းပြည့်မွန် |
| ၁၄။ | အနေသွားလွန်းပျံယာဉ် | ဝေမှုံးသွင် |
| ၁၅။ | ဟိုး...ရှေးရှေးတုန်းက | ရွှေထိုက် |
| ၁၆။ | ငှက်ဆိုးတွန်ချိန် | သတိုးဇော |
| ၁၇။ | စောင့်နေသူ | သတိုးဇော |
| ၁၈။ | ညှို့နက်သန်းခေါင်ခွေးတစ်ကောင် | သတိုးဇော |
| ၁၉။ | ဂျစ်ပစီသင်ခန်းစာ | လင်းညို့သွေး |
| ၂၀။ | မိစ္ဆာမျက်ရည် | ဇေဝလကျော် |
| ၂၁။ | စွဲလမ်းခြင်းအရိုးသည် | သတိုးဇော |
| ၂၂။ | မာယာကစားပွဲ | လင်းညို့သွေး |
| ၂၃။ | အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ | ဝေမှုံးသွင် |
| ၂၄။ | ချစ်သူရှာ | လူနေ |
| ၂၅။ | အမှောင်ကြောက်သူ | သတိုးဇော၊ ဇေဝလကျော် |
| ၂၆။ | ညည်းတွားရှိုက်တဲ့ဝုံသံ | သတိုးဇော |
| ၂၇။ | ဦးရှင်ကြီး | ဒီဗွကျော်စွာ |
| ၂၈။ | ပန်းဝင်စား | ဝေမှုံးသွင် |
| ၂၉။ | ဓေးရယ် | လူနေ |
| ၃၀။ | ကလေးအတွေး Essay | မင်းခိုက်စိုးစန် |
| ၃၁။ | ကိန္နရာပြည်သို့ အလည်ရောက်သူ | ဒီဗွကျော်စွာ |
| ၃၂။ | ဘာဆိုလားပဲ | လူနေ |
| ၃၃။ | ခေါင်းညိတ်ပြေးတဲ့ အရိပ်ကလေး | ဝေမှုံးသွင် |
| ၃၄။ | လိပ်ပြာခွဲတဲ့ည | ဒဿကျော်စွာ |
| ၃၅။ | စေညွှန်ရာကြမ္မာဆိုး | သတိုးဇော |
| ၃၆။ | 25 | လူနေ |
| ၃၇။ | နှင်းဆီရောင်မုန်တိုင်း | ဝေမှုံးသွင် |
| ၃၈။ | အလင်းအမှောင်ကကြိုး | ဝေမှုံးသွင် |
| ၃၉။ | မိုနိုပိုလီ | လူနေ |
| ၄၀။ | ဆင်ဝင်စားတဲ့လူ | ဒဿကျော်စွာ |
| ၄၁။ | လမိုက်ညခေါ်သံ | ဒဿကျော်စွာ |
| ၄၂။ | သွေးကြောတ်ရှင် | ဒဿကျော်စွာ |
| ၄၃။ | အချို့မြစ် | လူနေ |
| ၄၄။ | နတ်သမီးအဆောင် | လူနေ |
| ၄၅။ | ဝိဉာဉ်ကြမ္မာ | ဒဿကျော်စွာ |
| ၄၆။ | ဘုတာကြီး | လူနေ |
| ၄၇။ | သက်ပျောက်သစ်ပင် | ဒဿကျော်စွာ |
| ၄၈။ | စွယ်နီဆင်ရိုင်း | သတိုးဇော |
| ၄၉။ | နဂါးခံတွင်းအရိုးသည် | ဒဿကျော်စွာ |
| ၅၀။ | တတိယမျက်လုံးရှင် | ဒဿကျော်စွာ |
| ၅၁။ | *ပါဆယ်* | လူနေ |

ဆက်လက်ထွက်ရှိမည့်စာအုပ်များ

| | | |
|---|---|---|
| ၅၂။ | ဝေါင်း... ဝေါင်း... ဖြေတစ်ချောင်း | သတိုးဇော |

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

Eainmakathit
38 (3rd-fl), 153rd Lane, Tamwe Ts, Yangon.
095112428, 551403

ဝတ္ထုဖတ်ရင်း
သိန်း(၂၀) ရနိုင်တဲ့
မေးခွန်းကို ဖြေကြည့်ရအောင်။

# လူဌေ

## ပါဆယ်

www.burmeseclassic.com

www.burmeseclassic.com

(-)

“နာမည် ဘယ်လိုခေါ်လဲ”

“မောင်ပုလဲသီးပါ”

“ဟင် နာမည်ကြီးက ဘယ်လိုကြီးလဲ”

“အဲဒီနာမည်က ကျွန်တော့်ကို လူတော်တော်များများခေါ်တဲ့ နာမည်ပါ”

“ဪ…ဒါဆို နာမည်အရင်းရှိသေးတယ်ပေါ့”

“ရှိပါသေးတယ်”

“ဒါဆိုဘယ်လိုခေါ်တုန်း”

“ချာလီချက်ပလင်”

“ဟင်…အဲ့ဒါက နာမည်အရင်းလား”

“အင်း…ဟုတ်ပါတယ်၊ ကျွန်တော့်ကိုမမွေးခင် အမေက ချာလီချက်ပလင်ကားကြည့်နေတာတဲ့၊ ကြည့်ပြီးပြီးချင်း မွေးရောတဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အဲ့ဒီနာမည်ပေးထားတာလို့ ပြောတာပဲ''

''အေး..အေး...၊ ထားပါတော့ကွာ၊ မောင်ပုလဲသီးဆိုတဲ့ နာမည်ကရော ဘယ်လိုရလာတာလဲ''

''သြော်...ဒါလား၊ ကျောင်းစတက်တုန်းက ကျွန်တော့်မှာ ပုလဲလက်စွပ်တစ်ကွင်းရှိတယ်။ သာမန်ထက်နည်းနည်းကြီးတဲ့ ပုလဲပေါ့ဗျာ။ အမေက ယတြာဆိုပြီးပေးထားတာ၊ အဲ့ဒါနဲ့ စကားပြောတော့ လက်မှာ အဲ့ဒီပုလဲကြီးက တဝင်းဝင်းတသီးသီးကြီးဖြစ်နေတာပေါ့၊ဒါနဲ့ အမြင်ကတ်တဲ့တစ်ယောက်က ပုလဲသီးလို့စခေါ်တာနဲ့ နာမည်တွင်သွားတာပဲဗျ''

သူတို့နှစ်ယောက် ကင်တင်းမှာထိုင်စကားပြောနေကြခြင်းဖြစ်သည်။ စကားလာပြောသော အစ်ကိုကြီးကိုလည်း ပုလဲသီးမသိပါဘူး။

သူ့ဘာသာသူ တစ်ယောက်တည်းထိုင်နေတုန်း ညီလေးရေ ခဏထိုင်ပါရစေကွာဆိုပြီး ဝင်ထိုင်နေတာဖြစ်သည်။

ထို့နောက်မှ သူက စကားစလာလို့ ပုလဲသီးက ပြန်ပြောနေခြင်းဖြစ်သည်။

''အခု မင်းတစ်ယောက်တည်းလား''

''သူငယ်ချင်းတွေနဲ့ ချိန်းထားတုန်း ဗိုက်ဆာတာနဲ့ခဏဝင်စားနေတာ''

ပြောမယ်သာပြောနေရတာ ပုလဲသီးလည်း အူကြောင်ကြောင်ဖြစ်နေသည်။ ကိုယ်နဲ့မသိတဲ့လူကို စကားပြောနေရသောကြောင့်ဖြစ်သည်။



ထို့နောက် ထိုလူကြီးမှာ စကားစပြတ်သွားပြန်သည်။

လူကြီးလို့ပြောရသော်လည်း သိပ်အသက်မကြီးသေးပါ။ လူလတ်ပိုင်းအရွယ်လောက်သာ ရှိသေးသည်။

ပုလဲသီးမှာ စားလက်စမုန့်ကို ချထားလိုက်ပြီး သူ့ကိုကြည့်လိုက်၏။ ထိုလူ၏မျက်နှာမှာ ပြောသင့်မပြောသင့် ချိန်နေပုံရသည်။

''အစ်ကိုကြီး ဘာပြောမလို့လဲ''

သူပြောလိုက်သောကြောင့် ရှက်ကိုးရှက်ကန်းပုံပေါက်သွားပြီး

''အို...ဘာမှထွေထွေထူးထူးတော့မဟုတ်ပါဘူး၊ ဟိုလေကွာ ငါ့ညီမဖြစ်တဲ့ မင်းရဲ့ချစ်သူကို မင်းကစိတ်ဆိုးနေတယ်ဆိုလို့၊ အဲဒါ စိတ်မဆိုးပါနဲ့လို့ သူက မင်း...မင်းကိုတကယ်ချစ်တာပါ၊ ပြန်...ပြန်ခေါ်လိုက်ပါကွာ''

''ဗျာ...''

ပုလဲသီးအံ့သြတကြီးရှိနေတုန်း ထိုသူမှာ ကင်တင်းထဲမှ ရှက်ကိုးရှက်ကန်းနဲ့ အလျှင်အမြန်ထွက်သွားလေသည်။

ပုလဲသီးမှာလည်း အူအူတူတူနှင့် ကျန်ရစ်ခဲ့သည်။

❑

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

(၅)

"ညီလေး ခဏထိုင်မယ်နော်"

မော့ကြည့်လိုက်သည်။ ခုနကလူနှင့် အသက်အရွယ်မတိမ်းမယိမ်း လူတစ်ယောက်ကို တွေ့လိုက်ရသည်။

သူခေါင်းညိမ့်ပြလိုက်၏။

"ညီလေးက ပုလဲသီးနော်"

"ဟုတ်...ဟုတ်ပါတယ်"

စားနေသောမုန့်ပင် နင်သွားသည်။

စောစောကလူနှင့် ရုပ်ချင်းဆင်သလိုလိုတော့ရှိသည်။

"ပွင့်ပွင့်လင်းလင်းပဲပြောမယ်ကွာ"

"ဗျာ...ဘာကိုလဲ"

"ညီလေးနဲ့ ကိုယ့်ရဲ့ညီမနဲ့ စိတ်ကောက်နေကြတယ်ဆို၊ အဲ့ဒါ သူ့မှာ တော်တော်လေးခံစားနေရတယ်ကွ၊ မှားတာကသူဆိုတော့



အစ်ကိုပဲ သူ့အစား တောင်းပန်ပါတယ်ညီလေးရယ်"

"ဟင်...လာပြန်ပြီ၊ အစ်ကို့ညီမက ဘယ်သူလဲ၊ ကျွန်တော့်မှာ ရည်းစားလည်းမရှိပါဘူး"

"ဩော်...ညီလေးက အဲ့ဒီလောက်ထိတောင် ရက်စက်တော့မလို့ကိုး၊ အေးလေ ကိုယ့်ညီမက မှားထားတယ်ဆိုတော့ သူ့အစား တောင်းပန်ပါရစေ"

"အာ မှားနေပြီထင်တယ်"

နင်နေသောမုန့်ကို အအေးနဲ့ အလျှင်စလို မျောချလိုက်ရသည်။

ဘယ်လိုကြီးလဲဟ၊ သူတို့ဟာက...။

"ပြောရမှာတော့ ရှက်ပါတယ်၊ ညီမအစား အစ်ကိုက လာတောင်းပန်ရတယ်လို့၊ သူက ညီလေးကိုမတွေ့ရဲဘူးဖြစ်နေတယ်"

နာမည်ချင်းဆင်တာဖြစ်ဖြစ်၊ လူမှားတာဖြစ်ဖြစ် တစ်ခုခုတော့ တစ်ခုခုပဲဟုတွေးလိုက်မိသည်။

"တစ်ခုမေးပါရစေ"

"မေးပါညီလေး၊ တစ်ခုမဟုတ်ပါဘူး၊ အကုန်ဖြေပါ့မယ်"

"အစ်ကို့ညီမလေးရဲ့ရည်းစားကိုတွေ့ဖူးလား"

"တွေ့တော့ဘယ်တွေ့ဖူးမလဲ၊ သူကပြောလိုက်တယ် သမီးချစ်သူက တတ္တဗေဒ ဒုတိယနှစ်တက်နေတယ်၊ လူခေါ်များတဲ့နာမည်က ပုလဲသီး၊ အိမ်မှာခေါ်တာက ချာလီချက်ပလင်၊ ကျောင်းရဲ့တရားဝင် မှတ်ပုံတင်နာမည်က ထွန်းမြတ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



“ဗုဒ္ဓေါ”

“ပြီးတော့…ဒီကျောင်းမှာတွေ့တဲ့လူတိုင်းမေးတော့ မင်းကို လက်ညှိုးထိုးပြကြတယ်လေ၊ ကဲ…တွေ့ဖူးဖို့လိုသေးလို့လား”

ပိုင်ပိုင်နိုင်နိုင်ကြီးပြောလိုက်၍ ပုလဲသီးမှာ တွေဝေသွားသည်။

သူစဉ်းစားနေတုန်းမှာပဲ ထိုအစ်ကိုကြီးက မတ်တပ်ရပ်လိုက်ပြီး-

“အဲဒါပြန်စဉ်းစားပါဦး ညီလေး၊ ပြောစရာရှိရင် အစ်ကိုဆီ အရင်ဖုန်းဆက်၊ ညီမလေးကိုပြောပေးမယ်”

ဟုဆိုပြီး ကတ်လေးတစ်ကတ်ထုတ်ပေးသည်။

ထို့နောက် ကင်တင်းထဲမှ ထွက်မလိုဟန်ပြင်စဉ်-

“ခဏလေး အစ်ကို”

“သြော်…အေးပြောလေ”

“ဟို…အစ်ကို့ညီမနာမည် ဘယ်လိုခေါ်လဲ”

ထိုလူမှာ မျက်မှောင်ကျုတ်လိုက်သည်။

ထို့နောက်မှ တစ်ခုခုကို တွေးမိသွားပုံပေါက်ပြီး-

“မင်းက နာမည်မေ့လိုက်တဲ့အထိ စိတ်ဆိုးနေတာကိုး” ဟု ဆိုပြီးပြောသည်။

“ငါ့ညီမနာမည်က ‘အိချိုမိုးမြင့်’”

“သြော်…”

သူ့အသိထဲမှာ ထိုနာမည်မျိုးမရှိပါ။ ရည်းစားဆိုတာတော့ ဝေလာဝေးပင်။



“ငါသွားတော့မယ်”

“နေပါဦး၊ နောက်ဆုံးတစ်ခုလောက်မေးချင်လို့”

“အေး ရပါတယ်မေးလေ”

“အစ်ကိုတို့မှာ မောင်နှမဘယ်နှယောက်ရှိတာလဲဟင်”

“သြော်…ဒါလား၊ ငါတို့က မောင်နှမလေးယောက်ရှိတာလေ၊ ငါကအကြီး၊ ငါ့အောက်မှာ ညီနှစ်ယောက်နဲ့၊ ညီမတစ်ယောက်ရှိတယ်။ ငါတို့က ငါတို့ညီမလေးကိုသိပ်ချစ်တာ၊ ညီလေး ပြန်စဉ်းစားပါဦးကွာ နော်”

ဟုဆိုပြီး ကင်တင်းထဲမှ ထွက်သွားလေသည်။

ခဏအကြာတွင် သူထိုင်နေသည့်နေရာသို့ လူတစ်ယောက် လှမ်းလာတာကို တွေ့လိုက်ရသည်။

“အင်း…ငါထင်တဲ့အတိုင်းပဲ၊ သူကတော့ ညီအစ်ကိုတွေထဲမှာ အငယ်ဆုံးဖြစ်မယ်ထင်တယ်”

❑

www.burmeseclassic.com

www.burmeseclassic.com



(၆)

"အစ်ကိုလာ...ဒီမှာထိုင်"

သူကပင် ဦးဆောင်ခေါ်လိုက်သည်။

ထိုသူက တွေဝေသွားပုံရပြီး

"မင်းက ငါလာမှာတောင် သိနေတယ်ပေါ့"

"အင်း...စောစောက အစ်ကိုကြီးနှစ်ယောက်လာသွားသေးတယ်လေ"

"ထက်ခေါင်နဲ့လင်းဦး ထင်တယ်"

"ဟုတ်...ဟုတ်တယ်"

"ဒါဆို သူတို့လည်းပြောသင့်သလောက်ပြောပြီးပြီဆိုတော့ ငါလည်း တိုတိုပဲပြောတော့မယ်ကွာ"

"ဟုတ်...ဟုတ်"

မဟုတ်သော်လည်း လိုက်ဟုတ်လိုက်ရသည်။

"ငါ့ညီမမှာ အရင်တုန်းက ရည်းစားရှိမှန်းမသိဘူးကွ"

"ဟုတ်ကဲ့"

"ပြီးခဲ့တဲ့တစ်ပတ်လောက်ကမှ ငါတို့အမေနဲ့အဖေက ညီမလေးကိုအိမ်ထောင်ချပေးဖို့ လုပ်တယ်။ အဲဒီမှာ နောက်တစ်နေ့ မနက်စောစောလည်းရောက်ရော သူမှာ ရည်းစားရှိတယ်ဆိုပြီး ငါတို့ကို ပြောပါလေရော၊ ပြီးတော့ သူ့ရည်းစားနဲ့က ရန်ဖြစ်ပြီးကွဲနေတာ တစ်လလောက်ရှိပြီတဲ့၊ ရန်ဖြစ်တဲ့ကိစ္စကလည်း သူမှားတာဆိုပြီး ငါတို့ကိုငိုပြောရောကွ၊ ငါတို့ကလည်း ညီမလေးတစ်ယောက်တည်းဆိုတော့ သိပ်ချစ်တယ်ကွ၊ ပြီးတော့ ငါတို့ညီအစ်ကိုသုံးယောက်က ကိုယ့်စီးပွားရေးနဲ့ကိုယ် လုပ်ငန်းကြီးတွေဆိုတော့ အဖေနဲ့အမေနဲ့လည်း သိပ်အစေးမကပ်ဘူးကွ၊ အခုဟာက ငါ့ညီမလေးဘက်က ရပ်တည်ဖို့ ဆုံးဖြတ်လိုက်တာ"

တော်တော်ရှုပ်တဲ့ဇာတ်လမ်းပင်၊ ပိုဆိုးတာက သူ့ရဲ့ရည်းစား မဟုတ်ပါဘဲနှင့် ရည်းစား၊ ရည်းစားဟု အပြောခံရတာက ပိုဆိုးသည်။

"အဲဒါ မင်းစဉ်းစားပါဦးကွာ၊ ရော့...ဒီမှာ ငါ့ကတ်၊ မင်းစဉ်းစားလို့ရရင် ဖုန်းဆက်လိုက်"

ဒီတစ်ယောက်လည်း ပြောပြောဆိုဆိုနှင့် ထွက်သွားပြန်သည်။

ကတ်ကနာမည်ကိုကြည့်လိုက်တော့ ကျော်ထင်ဟု တွေ့ရသည်။ ထက်ခေါင်၊ လင်းဦးနဲ့ ကျော်ထင်တို့က သူ့ညီမကို တော်တော်ချစ်ပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com

သူကလည်း သူတို့ညီမဖြစ်သည့် အိချိုမိုးမြင့်ဆိုတာကို သိလည်းမသိပေ။ ထိုလူသုံးယောက်က သူ့ကိုလာလိမ်နေတာလား။

ဒါလည်းမဖြစ်နိုင် သူတို့ပုံစံတွေက ရိုးသားပြီး ပွင့်ပွင့်လင်းလင်းရှိတဲ့ပုံစံတွေဖြစ်သည်။

ထို့နောက် ခေါင်းရှုတ်သွားပြီး-

"ရှင်းမယ်ဟော့"

ဟု ဆိုပြီး စားပွဲထိုးအား လှမ်းခေါ်ကာ သူ့သူငယ်ချင်းများနှင့် ချိန်းထားရာနေရာသို့ သွားရန်ပြင်လိုက်သည်။

"ရှင်းပြီးသွားပြီအစ်ကို၊ ဒါက ပိုနေတဲ့ပိုက်ဆံတွေ"

"အာ ငါဘယ်မှာရှင်းပြီးလို့လဲ"

"ခုနက အစ်ကိုနဲ့စကားပြောတဲ့လူသုံးယောက်လေ၊ သူတို့က အစ်ကိုစားထားသမျှတွေကို တစ်ယောက်ပြီးတစ်ယောက် ရှင်းသွားကြတာ၊ ဒီမှာ ပိုနေတဲ့ပိုက်ဆံတွေ"

"ဟူး"

ပုလဲသီးလည်း လေပူမှုတ်ထုတ်လိုက်ပြီး ခေါင်းကုတ်လိုက်သည်။

□

(၇)

"ပုလဲသီး…ပုလဲသီး"

ခေါ်သံကြောင့် လှည့်ကြည့်လိုက်ရာ သူ့သူငယ်ချင်းနှစ်ယောက်ကို တွေ့ရသည်။

"ငါ မင်းတို့ကို ရှာနေတာ"

"ငါတို့လည်း မင်းကိုရှာနေတာပဲ"

တင်အောင်က မျက်မှောင်ကျုတ်ပြီး ပြောသောကြောင့် နောက်တစ်ယောက်ဖြစ်တဲ့ ဆန်းမင်းဝင်းကလည်း

"ဟုတ်တယ် ငါတို့ မင်းကိုရှာနေတာ"

ဟု ခေါသံထွက်ကာ ဝင်ပြောသည်။

ပုလဲသီးလည်း တအံ့တသြဖြစ်သွားပြီး

"နေပါဦး၊ ငါတို့ချိန်းထားတာပဲ၊ ငါလာမှာပေါ့၊ မင်းတို့က ဘာဖြစ်လို့ ဒီလောက်လောကြီးပြီး လိုက်ရှာနေရတာလဲ၊ ဇာတ်မင်းသားတွေရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ပုလဲသီးက သူတို့နှစ်ယောက်ကို ဇာတ်မင်းသားတွေလို့ တစ်ခါတစ်ခါခေါ်လေ့ရှိသည်။

သူတို့နှစ်ယောက် နာမည်နှစ်ခုပေါင်းလိုက်ရင် ဇာတ်မင်းသားနာမည်ဖြစ်နေသောကြောင့်ဖြစ်သည်။

"မင်းလျှို့ထားတဲ့ကိစ္စကို ငါတို့က မကျေနပ်လို့ ချက်ချင်းရှင်းရအောင် လိုက်ရှာတာပဲ"

တင်မောင်က ဟိုဘက်လှည့်သွားသည်။

ဆန်းမင်းဝင်းက 'ကဲ ဘယ်လိုလဲ ကိုယ့်လူ' ဆိုတဲ့ ပုံစံနဲ့ ကြည့်နေသည်။

"မင်းတို့နဲ့ ငါနဲ့ ပေါင်းလာတာကြာပြီပဲကွာ၊ ငါ့မှာ ဘာလျှို့ဝှက်ထားတာရှိလို့လဲ၊ ငါ ဘာမှ မလျှို့ဝှက်ထားပါဘူး၊ ကဲ...ကဲ ငါလျှို့ဝှက်ထားတယ်ဆိုတဲ့ကိစ္စကို ပြောပါဦး"

တင်မောင်က ပုလဲသီးကို သေချာကြည့်သည်။

"မင်းရည်းစားရနေပြီဆိုတဲ့ကိစ္စလေ"

"ဘာ ငါက ရည်းစားရနေပြီဟုတ်လား၊ မဟုတ်တာကွာ၊ ရည်းစားရှိရင် ငါ့သူငယ်ချင်းဖြစ်တဲ့မင်းတို့က အရင်သိရမှာပေါ့"

ဆန်းမင်းဝင်းက မျက်မှောင်ကျုတ်ထားရင်း-

"ငါတို့က အခုလေးတင် ကိုယ်တွေ့ကြုံလာတာကွ"

"ကိုယ်တွေ့ဟုတ်လား"

"ဟုတ်တယ်၊ ခုနက မင်း ကောင်မလေးက ငါတို့ကိုလာတွေ့တယ်၊ သူနဲ့မင်းနဲ့ စိတ်ကောက်နေတာ တစ်လရှိနေပြီတဲ့၊ မှားတာက သူ့ဘက်ကမှားတာပါတဲ့၊ အဲ့ဒါ ကူပြောပေးပါဦးဆိုပြီး ငါတို့ဆီလာသွားတယ်"



"ဟင် မင်းတို့ဆီကိုလာသွားတယ်"

ပုလဲသီးကတော့ မျက်ခုံးကို ပင့်တင်ရင်း ပင့်တင်ရင်းနဲ့ အံ့တသြဖြစ်နေရသည်။

"သူက ငါတို့ကိုသိနေတယ်၊ ဘာပဲဖြစ်ဖြစ် ကောင်မလေး သနားပါတယ်"

ဒီတစ်ခါမျက်မှောင်ကျုံ့ရသည်က ပုလဲသီးဖြစ်သည်။

တင်မောင်နှင့်ဆန်းမင်းဝင်းက သူ့ကိုကြည့်ပြီး ဘာလဲဟ ဟု တွေဝေသွားပုံရသည်။

"မင်းနဲ့ အဲ့ဒီကောင်မလေးက ဘယ်တုန်းကကြိုက်ခဲ့တာလဲ၊ ငါတို့လည်း ဘာမှမသိရပါလား"

"ဟူး..."

ဒီတစ်ခါလည်း လေပူတစ်ချက်မှုတ်ထုတ်လိုက်ရင်း၊ အနီးအနားရှိ အုတ်ခုံပေါ်တွင် ဝင်ထိုင်လိုက်ရသည်။

"ကောင်မလေးက သူ့နာမည်ဘယ်သူလို့ပြောသွားလဲ"

"အိချိုမိုးမြင့်တဲ့ အဟဲ..မင်းကောင်မလေးကချစ်စရာလေးပဲ မင်းတို့ ဘယ်တုန်းကကြိုက်ခဲ့တာလဲ၊ ငါတို့ကို ပြောပြဦးလေ"

❑

www.burmeseclassic.com

www.burmeseclassic.com

(၈)

သူမှာ တစ်နာရီလောက် အာေါက်အောင် ရှင်းယူရသည်။ လက်ဟန်ခြေဟန်တွေနှင့် ရှင်းပြရ၍ လက်  လည်း အတော်ကြီး ညောင်းနေပြီဖြစ်သည်။

ဒါတောင်မှ တင်မောင်နှင့်ဆန်းမင်းဝင်းက သိပ်ယုံကြည်သေးတာမဟုတ်။

"ငါ ဘယ်တုန်းက မင်းတို့မသိတာလုပ်ခဲ့လို့လဲ"

ထိုစကားကတော့ နည်းနည်းတာသွားပါသည်။

တင်မောင်က

"အင်း... အဲ့ဒါတော့ဟုတ်တယ်၊ ဒီကောင်က သူဘာလုပ်လုပ် ငါတို့ကိုပြောနေကျပဲ၊ နောက်ဆုံး အီး အီး ပါတာတောင်မှ ငါ 'ကျား'ထဲသွားဦးမယ်ဆိုပြီး ပြောပြီးမှသွားတာကွ"

ဟုဆိုကာ ဆန်းမင်းဝင်းကို လေရိုက်နေသေးသည်။



ဆန်းမင်းဝင်းကလည်း 'ဟုတ်တယ်'ဟု ထောက်ခံပေး၍သာ တော်တော့သည်။

"ဒါဆို အဲ့ဒီ အိချိုမိုးမြင့် ဆိုတာ ဘယ်သူလဲ"

တင်မောင့်အမေးကြောင့် ပုလဲသီးက

"ငါလည်း အဲ့ဒါကိုပဲ သိချင်နေတာ၊ ပိုဆိုးတာက သူ့ရဲ့ အစ်ကိုသုံးယောက်ပဲ၊ ဘယ်လိုမှကို ရှင်းပြလို့ မရဘူးဖြစ်နေတယ်"

"ကောင်မလေးကတော့ အတော်ချောတယ်ကွ"

ဆန်းမင်းဝင်းမှာ ပုလဲသီးကောင်မလေးမဟုတ်ဘူးဟုဆိုလိုက်၍ အံတကြိတ်ကြိတ်နှင့် ဖြစ်နေသည်။

"ရုပ်ရှင်တွေထဲကလို သူမိဘတွေသဘောတူတဲ့လူနဲ့မယူချင်လို့ တွေ့ရာလူကို သူချစ်သူပါလို့ ပြောလိုက်တာရော မဖြစ်နိုင်ဘူးလား"

တင်မောင်က မေးစေ့လေးကို သကာသကာနှင့် ဝင်မေးသည်။

"အာ...ဒါဆို မင်းတို့အတော်မင်းသားနှစ်ယောက်ကို ဘယ်လိုလုပ်ပြီးတော့ အသည်းကွဲတာတွေရော၊ ကူညီပေးပါရော ဘယ်လာပြောမလဲ"

"အင်း...ဒါလည်း ဟုတ်တာပဲ"

ဆန်းမင်းဝင်းက

"ကောင်မလေးက မင်းကိုစိတ်ဝင်စားလို့ နည်းလမ်းတစ်မျိုးနဲ့ ချဉ်းကပ်တာရော မဖြစ်နိုင်ဘူးလား"

"ဒါကလည်း သိပ်မနီးစပ်ဘူးကွ၊ မိန်းကလေးတစ်ယောက် အနေနဲ့ သူသိက္ခာကျခံပြီး ဘယ်လုပ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း…ဒါလည်း စဉ်းစားစရာပဲ"

တင်မောင်နှင့်ဆန်းမင်းဝင်းမှာ သူတို့ကကွက်နှင့်သူတို့ အလုပ်ရှုတ်နေကြသည်။

ပုလဲသီးကလည်း ဘာမှန်းမသိသော ကောင်မလေးအတွက် အတော်ပင် စိတ်ညစ်နေသည်။

ပိုဆိုးတာက ထိုကောင်မလေးအစ်ကိုသုံးယောက်ကို ပြန်တွေ့ဖို့ လန့်နေခြင်းပင် ဖြစ်သည်။

"ပုလဲသီး မင်းစိတ်ဆိုးတာ မပြီးသေးဘူးလား" မေးနေရင် ဖြေရကြပ်မှာစိုးသောကြောင့်ဖြစ်သည်။

"တစ်ခုခုတော့ တစ်ခုခုပဲကွ"

တင်မောင့်စကားကို ခေါင်းညိမ့်ပြလိုက်သည်။

ထို့နောက် တစ်စုံတစ်ခုကို တွေးမိလိုက်ပြီး။

"မင်းတို့ သူ့ကို မှတ်မိလိုက်တယ်မှတ်လား"

"ဟာ…ရေရေလည်လည်မှတ်မိတာပေါ့"

ဒါက ဆန်းမင်းဝင်းပြောတဲ့စကားဆိုတာကို ရေးပြစရာတောင် မလိုပါဘူး။

"သူက ကျောင်းထဲကပဲလား"

"အင်း…ထင်တာပဲ၊ ဒါနဲ့ မင်းက ဘာစိတ်ကူးရလို့လဲ"

"သူ့ကို သွားတွေ့မလို့လေ"

နှစ်ယောက်စလုံး မျက်လုံးပြူးသွားကြသည်။

(၉)

တစ်ကျောင်းလုံးလည်း နှံ့နေပြီဖြစ်သည်။ အခုထိ ရှာမတွေ့သေးချေ။

"ပုလဲသီး"

"ဘာလဲ"

"ငါတို့က လူပဲသိပြီး၊ မေဂျာနဲ့အတန်းနဲ့ သိမှမသိဘဲကွ၊ ရှာရတာခက်တာပေါ့"

တင်မောင်ရဲ့လေသံက မောနေပုံပေါက်သည်။

ဆန်းမင်းဝင်းကိုကြည့်လိုက်တော့ ဆန်းမင်းဝင်းကလည်း လျှာလေးတစ်လစ်တစ်လစ်လုပ်ပြ၏။

သူလည်း မောပြီပေါ့ဆိုတဲ့ ပုံစံပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ငါတို့နည်းစနစ်ပြောင်းရအောင်"

"ဘယ်လိုပြောင်းမှာလဲ"

ပုလဲသီးစကားကြောင့် တင်မောင်နှင့် ဆန်းမင်းဝင်းမှာ အလုအယက်မေးကြသည်။

"ကျောင်းသားရေးရာသွားမယ်"

"ဟာ ဘာလုပ်ဖို့လဲ"

စိတ်ပျက်တဲ့လေသံတွေ ထွက်လာကြသည်။

"ဟ သူနာမည်မေးပြီး၊ ဘယ်မေဂျာကလဲ ဘာညာမေးရမှာပေါ့"

"ကျောင်းသားရေးရာမှာ မေးလို့လွယ်ပါ့မလားကွ ကောင်မလေးတွေအကြောင်း စုံစမ်းရင် ပိုဆိုးတယ်လို့ပြောတယ်"

တင်မောင်က ခေါင်းတစ်ခါခါနှင့် ဝင်ပြောသည်။

ဆန်းမင်းဝင်းကလည်း

"အော်ငေါက်လွှတ်လိုက်ရင် မလွယ်ဘူးနော် ပုလဲသီး၊ သူတို့က ဒေါသက ခပ်ကြီးကြီးရယ်"

"လာပါကွ၊ မီးစင်ကြည့်ကတာပေါ့"

ထိုသို့ဖြင့် ကျောင်းသားရေးရာရောက်သွားပြန်သည်။

ကံကောင်းချင်တော့ ကျောင်းသားရေးရာမှာ လူရှင်းနေသည်။ သို့သော် ကံဆိုးချင်တော့ ကျောင်းသားတွေလန့်သော စာရေးမကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။



သူနာမည်အရင်းကို ဘယ်သူမှ မသိကြပါဘူး။ အားလုံးကတော့ 'ပူတူတူကြီး' ဟု ခေါ်ကြ၏။

ဗိုက်ကလည်းပူသည်။ သူနဲ့စကားပြောလျှင် တစ်ဘက်လူမှာ တူနှင့်နှစ်ချက်လောက် အရိုက်ခံရသလိုဖြစ်တတ်သည်။ ပြီးတော့ ခန္ဓာကိုယ်ကလည်း ကြီးသေး၏။ ဒါကြောင့် 'ပူတူတူကြီး' ဟု ခေါ်ကြသည်။ ထို့ပြင် အပျိုကြီးလည်းဖြစ်သည်။

"အစ်မ"

ပုလဲသီးခေါ်သံကြောင့် 'မပူ' က မော့ကြည့်သည်။

"ဟင်"

ရုတ်တရက် သူမျက်နှာကိုကြည့်ပြီး သုံးယောက်သား လန့်သွားကြသည်။

မျက်လုံးများနီရဲနေပြီး ဘယ်သူမှ မရှိသောကြောင့် အတန်ငယ် ငိုထားပုံပေါက်သည်။

သွားပြီ။ အခုလို စိတ်ညစ်နေတဲ့အချိန်မှာ သူတို့မေးတာကို ဘယ်လိုရှာပြီးဖြေပေးတော့မလဲ။

သို့သော် ကြိုးစားကြည့်ရဦးမည်။ တင်မောင်နှင့် ဆန်းမင်းဝင်းကတော့ သွားမယ် တကဲကဲလုပ်နေသည်။

"ဘာကိစ္စလဲ"

အော်လွန်း နည်းနည်းပြင်း၏။

ပုလဲသီးလည်း

"အဟီး..."

www.burmeseclassic.com

www.burmeseclassic.com



ဟု အရင်ရယ်ပြလိုက်ပြီးမှ မပူရှေ့သို့ လက်ကိုင်ပဝါ လေး ထိုးပေးလိုက်သည်။

"မျက်ရည် မျက်ရည်ကျတော့မယ်၊ သုတ် သုတ်လိုက်ပါဦး"

သူ့စကားကြောင့် မပူလည်း ကြောင်သွားပုံရသည်။ တင်မောင်နှင့် ဆန်းမင်းဝင်းမှာလည်း သူ့လုပ်ရပ်ကြောင့် "ဘာတုန်း ဟ" ဆိုပြီး ကြည့်ကြသည်။

စက္ကန့်အနည်းငယ်ကြာသွားသည်။

ထိုစဉ် 'မပူတူတူကြီး' က 'ဖူး' ဆိုပြီး ငိုချလိုက်ပါလေရော။

"အမလေး ဟီးဟီးဟီး"

ဘယ်တုန်းတည်းက အောင့်ထားလည်းမသိ။ အော်ငိုတာ တော်တော်အသံကျယ်လေသည်။

ငိုလည်းငိုရင်း ပုလဲသီးချထားပေးသော လက်ကိုင်ပုဝါကို လည်းယူကာ မျက်ရည်သုတ်လိုက်၊ နှပ်ညှစ်လိုက် လုပ်နေသည်။

သူတို့သုံးယောက်မှာလည်း ဘာလုပ်လို့လုပ်ရမှန်းမသိ ဖြစ်သွားကြသည်။ အတော်ကြီးကြာမှ သူတို့သုံးယောက်ကို 'မပူတူ တူကြီး' က သတိပြန်ရသွားပုံပေါက်ပြီး

"နင်တို့က ဘာကိစ္စလဲ"

ဟုမေးသည်။

ဒီတစ်ခါတော့ ဆော်လွှန်း သိပ်မပြင်းတော့ချေ။ နည်းနည်းဖွင့် ာလိုက်၍ ဖြစ်နိုင်သည်။



"လာရင်းကိစ္စကတော့ တခြားတစ်ခုပါ၊ ဒါပေမယ့် အစ်မ ငိုတာကိုကြည့်ပြီး စိတ်မကောင်းဖြစ်တာနဲ့ မမေးရက်တော့ပါဘူး အစ်မရယ်"

ဟု ဆိုပြီး လှည့်ထွက်ရန်ပြင်သည်။

"ဟဲ့…နေဦး"

'မပူတူတူကြီး' လေသံကြောင့် ခြေလှမ်းများ ရပ်တန့်သွားကြ သည်။

"နင်တို့ယောက်ျားတွေက ဒီလိုပဲ မပွင့်မလင်းနဲ့၊ တစ်ဖက် လူကို ကသိကအောက်ဖြစ်အောင် လုပ်တတ်ကြပါလား၊ ကဲ…နင်တို့ က ဘာမေးမလို့လဲ"

ပုလဲသီးလည်း ခပ်လန့်လန့်ပုံစံဖြင့် ကောင်တာနားတိုးသွားပြီး

"ဟို အိချိုမိုးမြင့်ဆိုတဲ့ကောင်မလေးအကြောင်း သိချင်လို့ပါ"

မေးသာမေးလိုက်ရသည်။ မျှော်လင့်ချက် သိပ်ရှိလှရယ်တော့ မဟုတ် ဘူး။ 'မပူတူတူကြီး' မှာ ပုလဲသီးအမေးကို စဉ်းစားလိုက်ပြီး-

"အေး…ငါ့ရှာထားလိုက်မယ်။ မနက်ဖြန်တစ်ခေါက်လာခဲ့"

"ဟာ…ကျေးဇူးတင်လိုက်တာအစ်မရယ်"

"ရပါတယ်၊ နင်တို့ယောက်ျားတွေကိုက ပွင့်ပွင့်လင်းလင်း မရှိတာ"

ပုလဲသီးမှာလည်း နည်းနည်းပြောရဲဆိုရဲရှိလာပြီး-

"အစ်မ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"အစ်မကြည့်ရတာ ယောက်ျားတွေနဲ့ပတ်သက်ပြီး စိတ်ညစ်နေတာထင်တယ်"

"အယ် နင်ကလဲ"

ပုလဲသီးရဲ့အမေးကြောင့် 'မပုတူတူကြီး'မှာ ရှက်သွားပုံရသည်။ တင်မောင်က လက်တို့သည်။ မင်းကတော့ ကွိုင်ရှာပြန်ပြီဆိုတဲ့ပုံစံနဲ့ပါ။ ပုလဲသီးကလည်း အရှိန်ထိန်းလို့မရတော့ပါဘူး။

"ယောက်ျားတစ်ယောက်က အစ်မအပေါ်ကို မပွင့်မလင်းဖြစ်နေလို့လား"

"နင်…နင် ဘယ်လိုလုပ်သိလဲ"

"အဟဲ‥အစ်မကလည်း သိတာပေါ့"

'မပုတူတူကြီး'မှာ ခုနကလိုမဟုတ်တော့ဘဲ အတန်ငယ်ပျော့ပျောင်းလာသည်။

"ဘာ အကူအညီပေးရမလဲ အစ်မ"

"နင်တို့က ငါ့ကို ဘာကူညီနိုင်မှာမို့လို့လဲ"

"အာ အစ်မကလည်း၊ အမျိုးသမီးတစ်ဦးမလုပ်နိုင်တဲ့ကိစ္စတွေမှာ ယောက်ျားလေးတွေက လုပ်နိုင်တယ်ဆိုတာ သတိရစမ်းပါဗျ"

'မပုတူတူကြီး'တွေဝေသွားပုံရသည်။

ထို့နောက် သေးဘီဝယာကိုကြည့်ပြီး

"ငါ ချစ်နေတဲ့သူက ငါ့ကို အခုထိဖွင့်မပြောသေးလို့"

"အယ်"



တင်မောင်နှင့်ဆန်းမင်းဝင်းမှာ တစ်ဘက်လှည့်ပြီး မသိမသာရယ်ကြသည်။

'မပုတူတူကြီး'ကတော့ သူတို့နှစ်ယောက်ကို ဂရုမစိုက်ဘဲ ပုလဲသီးကိုသာ စကားပြောနေသည်။

"သူကရော အစ်မကို ချစ်နေတာ သေချာလို့လား"

"သေချာတယ်"

ထိုမေးခွန်းက သူ့မာနကို ထိခိုက်သွားလို့လားမသိ လေသံပင်အနည်းငယ်မာသွားသည်။

"အင်း‥ဟုတ်ပါပြီ၊ လုပ်ဖော်ကိုင်ဖက်ထဲကလား၊ အပြင်ကလား"

"လုပ်ဖော်ကိုင်ဖက်ထဲက"

"ဒါဆို ကျောင်းထဲကပဲပေါ့"

"အင်း"

အပျိုကြီးမှာ စိတ်အားငယ်သွားပုံပေါက်ပြီး တရှုံ့ရှုံ့နှင့် ပြန်ဖြေနေသည်။

"ကျွန်တော်ကူညီပါ့မယ်၊ မငိုပါနဲ့"

"တကယ်လား၊ နင်က ဘယ်လိုကူညီမှာလဲ"

"ဒါကတော့ သေချာမသိသေးဘူးဗျ၊ သူ့နာမည်က ဘယ်သူလဲ"

"သူ့နာမည်က ကိုထွန်းရှင်၊ ငွေစာရင်းဌာနကပေါ့"

"အာ သိတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူလည်း လူပျိုကြီးတစ်ယောက်ဖြစ်သည်။

ငွေသွားသွင်းရင် သူ့ဆီမှာသွားသွင်းရတာကြောင့် ကျောင်းသားကျောင်းသူ တော်တော်များများသိနေသောသူဖြစ်သည်။

သဘောကောင်းသည်။ ရိုးရိုးအေးအေးကြီးနေတတ်သောသူဖြစ်သည်။

"စိတ်သာချနေအစ်မ၊ တစ်ပတ်အတွင်း အစ်မကို ဖွင့်ပြောလာစေရမယ်"

"ဟဲ့ နှင့်ဟာက ဟုတ်လို့လား၊ ငါ့သိက္ခာကျအောင်တော့ မလုပ်နဲ့နော်"

"ဒါတော့ စိတ်ချအစ်မရေ၊ အစ်မသိက္ခာကျအောင်တော့ မလုပ်ဘူး"

"ပြီးရော၊ ခုနက နှင့်ကောင်မလေးနာမည်က ဘယ်သူ"

"ကောင်မလေး မဟုတ်ပါဘူးဗျ"

"အေးပါဟယ်၊ နာမည်မေ့သွားလို့ မေးတာပါ"

"အိချိုမိုးမြင့်"

"နှင့်ဖုန်းနံပါတ်ပေးခဲ့၊ ရှာတွေ့တာနဲ့ ဖုန်းဆက်လိုက်မယ်"

❑

(၁၀)

အပြန်အလှန်အားဖြင့် ကူညီရတာကောင်းပါသည်။ အခုလို အချစ်ကိစ္စမှာ ကူညီရတာကတော့ အကောင်းဆုံးပဲဟု တွေးရင်း ငွေစာရင်းဌာနထဲသို့ လှမ်းဝင်လိုက်သည်။

ဒီတစ်ခါတော့ တင်မောင်နှင့် ဆန်းမင်းဝင်းက တကောက်ကောက် ကြွလိုက်လာလေသည်။

ကောင်တာမှာ စာရင်းမှတ်နေသော ကိုထွန်းရှင်ကို တွေ့ သည်။ ငွေစာရင်းဌာနတွင် လူက လည်းရှင်းနေသည်။

"အစ်ကိုကြီး"

"ဟော…ငွေသွင်းဖို့လားကွ"

www.burmeseclassic.com

www.burmeseclassic.com


“မဟုတ်ပါဘူး”

“ပြော ဘာကိစ္စလဲ”

ကိုထွန်းရှင်က အေးအေးဆေးဆေးပဲ ပြန်မေးသည်။

“ဟို…ကျောင်းသားရေးရာက အစ်မကြီးကိုသိတယ် မှတ်လား”

နာမည်မသိ၍ ရမ်းရွှီးလိုက်ခြင်းဖြစ်သည်။

နည်းနည်းတော့ ထိရောက်ပါသည်။ ကိုထွန်းရှင်မှာ ရှက်သလိုလိုဖြစ်သွားပြီး -

“အေး သိတယ်ကွ”

ဘယ်သူလဲဟု မမေးဘဲ သူ့အတွေးနှင့်သူ သိသောကြောင့် တော်သေးသည်။

“အဲဒီအစ်မကြီးနဲ့ အစ်ကိုက ရည်းစားဖြစ်နေကြတာလား”

“ဟာ…မဟုတ်သေး…သေးပါဘူးကွ”

စကားအနည်းငယ်ထစ်သွားပြီး ဟိုမကိုင်မိ ဒီမကိုင်မိ ပုံစံဖြစ်သွားသည်။

‘မပူတူတူကြီး’ ပြောတာကတော့ မှန်သည်။ သူ့ကိုချစ်နေတာ သေချာသည်။

“မဟုတ်ရင်လည်း ပြီးတာပါပဲ အစ်ကိုကြီးရာ”

သူတို့က လှည့်ထွက်မလိုပြင်လိုက်သည်။



ကိုထွန်းရှင်မှာ အလောတကြီးပုံစံဖြင့်

“ဟ…နေ…နေကြပါဦးကွ”

သူတို့ခြေလှမ်းများ ရပ်လိုက်သောကြောင့် ကိုထွန်းရှင်က ...ည်း သူသိချင်တာကို ဆက်မေးသည်။

“သူ သူ ဘာဖြစ်လို့လဲ”

“ဘာမှမဖြစ်ပါဘူး၊ ကျွန်တော်တို့က အခုကျောင်းသားရေး ...ကပြန်လာတာလေ၊ အဲဒီမှာ အစ်ကိုကြီးနဲ့တွဲတဲ့ အစ်မကြီးအကြောင်း ...ကြားမိလို့ လာမေးတာ၊ အခုတော့ အစ်ကိုကြီးတို့နှစ်ယောက်က ...သမီးရည်းစားမဟုတ်တော့ ပြောလို့မရတော့ဘူးဗျ”

“ဟာ…အဲဒီလိုတော့မလုပ်ပါနဲ့ကွာ၊ ငါက သူ့ကို ကြိုက်နေ ...တာပါ၊ ဘာသတင်းလဲ ပြောပြစမ်းပါ”

“ပြောပြလို့မဖြစ်ဘူးဗျ၊ သူတို့မှာလည်း အဲဒီအစ်မကြီးကို ...ည်းစားဖြစ်ပိုင်ခွင့်ရှိနေပြီပဲ”

“ဟင် ဘယ်သူတွေကလဲ”

ကိုထွန်းရှင်မှာ ပို၍ တုန်လှုပ်လာသည်ကို တွေ့ရသည်။

“ပြော ပြောပြစမ်းပါကွာ၊ ညီလေးတို့ရာ”

ပုလဲသီးက တင်မောင်နှင့် ဆန်းမင်းဝင်းကိုကြည့်လိုက်သည်။ သူတို့ကလည်း ပြောပြလိုက်ပါကွာ သနားပါတယ်ဆိုတဲ့ အိုက်တင်နဲ့ ...ကြည့်နေကြသည်။

“ဒီလိုဗျ၊ ကျွန်တော်တို့ ကျောင်းသားရေးရာကို ...လို့ သွားတုန်း၊ ခုနက ကျွန်တော်တို့ပြောတဲ့အစ်ကိုကြီးတွေ...

www.burmeseclassic.com

www.burmeseclassic.com

"အေး… ဘယ်အစ်ကိုကြီးတွေလဲ"

"ဒါတော့ မပြောပါရစေနဲ့ဗျာ…နော်"

"အေး…အေးထားလိုက်ပါတော့၊ ဆက်ပြောစမ်းပါဦး"

"အဲ့ ဒီအစ်ကိုကြီးတွေက အစ်ကိုကြိုက်တဲ့အစ်မကို ကြည့်ပြီး ပြောနေကြတာ"

"အေး..ဘာပြောနေကာလဲ"

"သိပ်မိုက်တယ်၊ သိပ်ခိုက်တယ်၊ ဒီညနေရုံးဆင်းရင်အစ် လိုက်ပြောမယ်လို့ ပြောနေကြတာဗျ"

"ဟင်…"

ကိုထွန်းရှင်၏မျက်နှာမှာ သွေးမရှိတော့ချေ။

ပုလဲသီးကလည်း ကြော်ငြာသလိုလို ဘာလိုလိုနဲ့ 'သိပ်မိုက်တယ်၊ သိပ်ခိုက်တယ်' ဆိုတာကြီးပဲ ထပ်ပြောနေသည်။

"အဲဒါ အစ်ကိုကြီးနဲ့ အဲဒီအစ်မကြီးကို တွဲလျက်တွေ့ဖူးထားတော့ ရည်းစားအောက်မေ့ပြီး လာသတိပေးတာပါ။ ရည်းစားမဟုတ်ဘူးဆိုလည်း ထားလိုက်ပါတော့ ဦးသူယူပေါ့"

ဟုပြောပြီး ထွက်လာခဲ့တော့သည်။

ကိုထွန်းရှင်ကတော့ တွေတွေဝေဝေဖြင့် ကျန်ရစ်ခဲ့လေသည်။

❑

(၁၁)

အိမ်ပြန်ရောက်တော့ အမေနှင့်အမေက ထမင်းစားနေတာကို တွေ့ရသည်။ သူက ပြန်ချိန်မမှန်သောကြောင့် အမေနှင့်အမေက သူ့ကို စောင့်ပြီး ထမင်းစားလေ့မရှိချေ။

"တစ်ခါတည်း ဝင်စားမှာလား"

"မစားသေးဘူး အမေ၊ ပြီးမှ"

အခန်းထဲတက်သွားလိုက်သည်။

ပြန်ဆင်းလာတော့ အမေနှင့်အမေက ထမင်းစားပြီးလို့ ပန်းကန်တောင်သိမ်းပြီးနေပြီဖြစ်သည်။

"နင့်ဆီကို ဖုန်းလာတယ်"

"ဘယ်သူ့ဖုန်းလဲ"

"ထက်ခေါင်လို့ ပြောသွားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



အိချိုမိုးမြင့်ရဲ့ အစ်ကိုတစ်ယောက်ဖြစ်သည်။ သူ့ဖုန်းနံပါတ်ကို ဘယ်ကရလို့ ဖုန်းဆက်တာလဲမသိ။

"ပြီးရင် ထပ်ဆက်မယ်တဲ့"

ပြောရင်းဆိုရင်း ဖုန်းသံမြည်လာသည်။

"ပြန်ဆက်တာထင်တယ် သွားကိုင်လိုက်ဦး"

ဖုန်းကိုခပ်သွက်သွက်လေး ကိုင်လိုက်သည်။

"ဟယ်လို"

"ပုလဲသီးလား"

"ဟုတ်ကဲ့"

"ငါ ကျော်ထင်ပါကွ၊ နေ့ခင်းက သွားတာလေ၊ မင်းရည်းစား အစ်ကိုလေ၊ အာ မင်းကလည်း ငါပြောရင်းပြောရင်း ရက်လာပြီ မှတ်မိတယ်မှတ်လား"

ခုနက ဖုန်းဆက်တဲ့တစ်ယောက်မဟုတ်၊ နောက်တစ်ယောက်ဖြစ်နေသည်။

"မှတ်မိပါတယ်"

"သြော်…အေး၊ တော်သေးတာပေါ့၊ အခု ငါရုံးက ပြန်တော့ကွာ၊ ငါ့ညီမက သူ့အခန်းထဲမှာ ငိုနေတယ်ကွ၊ အဲ့ဒါ၊ မင်းစဉ်းစားပြီးမပြီး၊ အဲ့ဒါကွာ ဘယ်လိုပြောရမလဲမသိဘူး"

တစ်ဖက်မှတကယ်ပဲ သူ့ညီမကို သနားနေပုံရသည်။ ပုလဲသီးလည်း ခေါင်းတစ်ချက်ကုတ်လိုက်ပြီး



"ကျွန်တော်လည်း ဘယ်လိုပြောရမှန်းတောင်မသိဘူး"

"ဘယ်လိုမှ မပြောနဲ့တော့ အဖေနဲ့အမေက သူ့သမီးစိတ်ဆင်းရဲနေတာ မကြည့်ရက်လို့လားမသိဘူး၊ မနက်ဖြန်ကျရင် မင်းကိုတွေ့ချင်လို့တဲ့၊ အဲ့ဒါ ငါကျောင်းကို လာခေါ်မယ်"

"ဟာ"

ပြဿနာကကြီးသထက်ကြီးလာလေပြီ။ ဘာမှပြန်မပြောနိုင်ခင် တစ်ဖက်မှဖုန်းချသွားသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

(၁၂)

ဖုန်းချချပြီးပြီးချင်း ဖုန်းထပ်ဝင်လာပြန်သည်။

"ဟယ်လို"

"မောင်ပုလဲသီးနဲ့ ပြောချင်လို့ပါ"

အဒေါ်ကြီးတစ်ယောက်အသံဖြစ်သည်။

"ဟုတ်ကဲ့ပြောနေပါတယ်"

"အစ်မပါ။ ဟို ကျောင်းသားရေးရာကလေ"

'မပူတူတူကြီး'ရဲ့အသံကို အခုမှပဲ မှတ်မိသွားသည်။

"သြော် အစ်မ၊ မှတ်မိပြီ"

"အဟင်း...မောင်လေးကို ကျေးဇူးတင်ကြောင်း လှမ်းပြောတာ"



"ဘာကိုလဲအစ်မ"

"သူက ဒီနေ့အစ်မကို ဖွင့်ပြောတယ်လေ"

"ဟာ ကောင်းတာပေါ့အစ်မရဲ့၊ အဖြေပြန်ပေးလိုက်ပြီလား"

"ဟယ်.. ချက်ချင်းတော့ ဘယ်ပြန်ပေးမလဲ၊ တစ်ပတ် ...တ်လောက်တော့ အဟင်း၊ စောင့်ခိုင်းထားတာပေါ့"

ဟင်း...အညှိုးညှိုးပဲဟု ပြစ်ပြစ်နှစ်နှစ်တွေးပစ်လိုက်သည်။

"သိပ်လည်းအချိန်မဆွဲနဲ့ဦးနော် အစ်မ"

"အင်းပါ၊ သြော်...ဒါနဲ့ မောင်လေးစုံစမ်းခိုင်းထားတာ ...ပြီ"

"ဟာ..ဟုတ်လား၊ သူက ဘယ်ကလဲ"

"နေဦး အစ်မစာရွက်နဲ့ကူးလာတယ်"

တစ်ဖက်က စာရွက်လှန်သံများကို ကြားလိုက်ရသည်။

"သူ့နာမည်က အိချိုမိုးမြင့်၊ အဖေက ဦးမိုးမြင့်၊ အမေ ...တော့ ဒေါ်ချိုချိုလှိုင်၊ အငယ်ဆုံး၊ အစ်ကိုသုံးယောက်ရှိတယ်။ ...ာက ရူပဗေဒ နေတာက..."

တစ်ခုချင်းစီ ရွတ်ပြသွားသည်။

ပုလဲသီးက စိတ်ထဲက လိုက်မှတ်နေလိုက်သည်။

"နောက်ဆုံးတစ်ခုက သူတို့က ဒီကိုပြောင်းလာတာ ...ကြာသေးဘူး၊ ဒါကြောင့် ကျောင်းကိုလည်း နယ်ကျောင်းကနေ ...အခု ကျောင်းကို ပြောင်းတက်တာလည်း သိပ်မကြာသေးဘူး၊

www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်လောက်ပဲရှိသေးတယ်''

''ဟင်…သူက ကျောင်းတက်တာ တစ်ပတ်ပဲရှိသေးတယ်''

လက်ကဖုန်းကို ယောင်ပြီးပိတ်လိုက်မိသည်။

တစ်ဖက်က အသံကို ဘာမှ မကြားရတော့ချေ။

❑

(၁၅)

ဖုန်းထပ်လာပြန်သည်။ စိတ်ထဲက သူ့ဖုန်းပဲဆိုတာကို အလိုလိုသိနေ၍ သွားကိုင်လိုက်သည်။

အမေကတော့ ဖုန်းတယ်လာပါလားဆိုတဲ့ မျက်နှာနှင့် ကြည့်နေသည်။ သူလည်း မသိချင်ယောင်ဆောင်လိုက်ပြီး

''ဟယ်လို''

''ပုလဲသီး၊ ငါထက်ခေါင်ပါကွ၊ ခုနက ဖုန်းဆက်သေးတယ် မင်းမရှိလို့''

''ဟုတ်…ဟုတ်ကဲ့''

သူထင်ထားသည့်အတိုင်းပင် အိချိုဆိုသည့် ကောင်မလေး၏ အစ်ကိုဖုန်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်က မင်းကိုတွေ့ချင်လို့တဲ့"

"ဟုတ်ကဲ့...သိပြီးပါပြီ"

"ဟေ...မင်းဘယ်လိုသိလဲကွ၊ သြော်...ကျော်ထင်တို့ ဖုန်းဆက်တာထင်တယ်"

"ဟုတ်ပါတယ်"

"အေး...အေး၊ ဒါဆိုလည်း ငါမနက်ဖြန်ကျောင်းမှာ လာခေါ်မယ် ဒါပဲနော်"

သူတို့ကပဲ ပြောချင်ရာပြောပြီး အရင်ဦးဆုံး ဖုန်းချသွားကြသည်။

သူလည်း စိတ်ပျက်လက်ပျက်နှင့် ဖုန်းဘေးနားမှာ ထိုင်ချလိုက်သည်။ မျှော်လင့်ထားသည့်အတိုင်းပင် ဖုန်းဝင်လာပြန်သည်။

ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟုတ်ကဲ့၊ ကိုလင်းဦးပြောပါ"

"အာ...မင်းက ငါ့အသံကို........."

❑

(၁၄)

ကိုလင်းဦးဖုန်းချသွားသောအခါတွင် ဖုန်းဘေးနားမှာ စိတ်ပျက်လက်ပျက်နှင့် ဆက်ထိုင်နေလိုက်သည်။

ဘယ်သူမှန်းမသိသော ကောင်မလေးအဖေနှင့် အမေကို တွေ့ရမည်ဆိုတော့ နည်းနည်းအူကြောင်ကြောင်နိုင်ပါသည်။

ပိုဆိုးသည်က ကိုယ်က သူတို့သမီး၏ချစ်သူလိုလို ဘာလိုလို ထင်ခံနေရသည်။

သည့်အတွက်ကြောင့် သမက်လောင်းဆိုသည့် အကြည့်မျိုးနှင့်လည်း ကြည့်ကြဦးမည်။

မဖြစ်။ ဘယ်လိုအကြောင်းမျိုးနဲ့မှ သွားတွေ့လို့မဖြစ်။ ပိုဆိုးသည်က သူ့အစ်ကိုသုံးယောက်ဖြစ်သည့် ထက်ခေါင်၊ လင်းဦးနှင့် ကျော်ထင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သူတို့က အတင်းကာရောလုပ်မည့်သူတွေဖြစ်သည်။

အတင်းဆွဲလားရမ်းလားလုပ်လို့ကတော့

"ခင်ဗျားကြီးတို့ ဘာဖြစ်နေကြတာလဲ"ဟု အော်လို့ကလည်း မဖြစ်။

သို့သော် မနက်ဖြန်ကျမှပဲ အခြေအနေကြည့်လုပ်ရတော့မည်။ သူတို့နှင့်မလိုက်တော့ဘူး ဟု ဆုံးဖြတ်ထားလိုက်သည်။

❑

(၁၅)

ကျောင်းကားပေါ်ကဆင်းဆင်းချင်း၊ ရှေ့နောက်ကို သတိနှင့်ကြည့်လိုက်သည်။ အမေရိကန်ကားတွေထဲက လူဆိုးချောင်းသည့်ပုံစံဖြစ်သွား၍လားမသိ။ တင်မောင်နှင့် ဆန်းမင်းဝင်းက မျက်မှောင်ကြုတ်ပြီး ကြည့်သည်။

"ဘာဖြစ်နေတာလဲ"

"ဟူး…ဒီလိုဟော့…ဒီလို"

ဟုဆိုပြီး အကျဉ်းချုပ်ပြီးရှင်းပြလိုက်ရသည်။

"ဟာ မင်းတော့ ဒုက္ခပဲ"

"အေးကွာ၊ ငါ့ရည်းစားလည်းမဟုတ်ဘဲနဲ့ ငါက သူ့မိဘနဲ့ ဘယ်လိုလုပ်တွေ့ချင်ပါ့မလဲ"

"မင်းက မနေ့ကတည်းက တစ်ခါတည်း မငြင်းလိုက်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မင်းသိတဲ့အတိုင်းပဲ၊ ငါက အားလည်း အားနာ၊ တစ်ဖက်ကလည်း သူ့ညီမရည်းစားကြီးပဲ အတင်းထင်နေတော့၊ ငါ ဘာပြောပြော သူ့ညီမကို စိတ်ကောက်နေလို့ပြောတာပဲထင်မှာကွ"

"အေး...ဒါလည်း ဟုတ်တယ်"

"အဲ့ဒီတော့ မင်း အခု ဘာလုပ်မှာလဲ"

ဆန်းမင်းဝင်းက ဝင်မေးသည်။

"ဒီနေ့တော့ သူတို့ကို မတွေ့အောင် ရှောင်ရတော့မှာပေါ့"

"အေး...အဲဒါကောင်းတယ်၊ အခုဘယ်ကိုသွားပြီး ဘယ်မှာရှောင်နေရင်ကောင်းမလဲ"

"ငါထိုင်နေကျဆိုင်မဟုတ်တဲ့ဆိုင်မှာသွားထိုင်နေရင် ကောင်းမယ်"

"ဘယ်ဆိုင်မှာ သွားထိုင်မလဲ"

"ငါတို့က ဓာတုဆိုင်မှာထိုင်နေကျဆိုတော့ ရုက္ခဗေဒဆိုင်မှာသွားထိုင်နေမယ်ကွာ၊ ဘယ်လိုလဲ"

"အဲ့ဒါကောင်းတယ်"

ထိုသို့ဖြင့် ပုလဲသီးနှင့် ဓာတ်မင်းသားနှစ်ယောက်တို့သည် ရုက္ခဗေဒကင်းတင်းသို့ ထွက်လာခဲ့ကြသည်။

ရုက္ခဗေဒကင်းတင်း၏ ကောင်တာမှာ မိန့်မိန့်ကြီးထိုင်နေသော ကိုမျိုးညွန့်ကို တွေ့လိုက်ရသည်။

. ကင်တင်းတော်တော်များများကို ပြောင်းထိုင်တတ်ကြသော



ကြောင့် ဆိုင်ရှင်များနှင့်တော့ ရင်းနှီးနေကြသည်။

"ပုလဲသီးတို့ပါလား၊ မင်းတို့ ငါ့ဆိုင်မထိုင်တာ တော်ကြာပြီ"

"ဟုတ်တယ်ဗျာ၊ နီးတဲ့နေရာပဲ ဝင်ထိုင်ဖြစ်နေကြတာ၊ အခုတော င် ကိုမျိုးညွန့်လက်ဖက်ရည်လွမ်းလို့လာထိုင်ကြတာ"

စသည်ဖြင့် ဘာဘာညာညာဝင်ဖောရင်း လက်ဖက်ရည်သုံးခွက်မှာလိုက်သည်။ ခဏကြာတော့ ကိုမျိုးညွန့်ကိုယ်တိုင် လက်ဖက်ရည်လာချပေးသည်။

"အံမယ်၊ ကိုယ်တိုင်လာချပေးနေရပါလား၊ စားပွဲထိုးတွေရော"

"ရှိပါတယ်၊ ငါက မင်းကိုပြောစရာရှိလို့"

"ဂလိုလား"

ပုလဲသီးက လက်ဖက်ရည်တစ်ငုံသောက်လိုက်ပြီး ဠတ်ဟုဆိုလိုက်ပြီး

"ပြောပါဦးဗျ၊ ဘာပြောမလို့လဲ"

"ငါ့သမီးရည်းစားရနေလို့ကွ"

သုံးယောက်သား သောက်နေသည့် လက်ဖက်ရည်ပင် သီးသွားကြသည်။

"ဟာ အဲ့ဒါ ကျွန်တော်နဲ့ဘာဆိုင်လို့လဲ"

"အေး...မဆိုင်မှန်းတော့သိပါတယ်ကွာ၊ ဒါပေမယ့် မင်းများ

www.burmeseclassic.com

www.burmeseclassic.com



သိမလားဆိုပြီး မေးစရာလေးတစ်ခုရှိလို့"

"ဩော် ဂလိုလား"

လက်ဖက်ရည်သောက်လို့ ကောင်းကောင်းနှင့်ဆက်သောက်နေကြပြန်သည်။

ကိုမျိုးညွန့်က-

"အဲဒီတော့ကွာ၊ ရည်းစားရှိတဲ့ငါ့သမီးကို မဖြစ်သင့်တာတွေ မဖြစ်ရအောင် ဘယ်လိုစကားနဲ့သတိပေးဆုံးမရမလဲ"

"ဒါကလွယ်ပါတယ် ကိုမျိုးညွန့်ရဲ့"

"ဟင် တကယ်လား၊ ငါ ဘယ်လိုပြောရမလဲ"

"နမ်းသာနမ်းပါလို့ပြောပါ"

"ဟာ မင်းဟာကလည်း"

တင်မောင်နှင့်ဆန်းမင်းဝင်းက ရယ်သည်။

ကိုမျိုးညွန့်က မျက်နှာကြီးရှုပုတ်သွားပြီး

"ငါက အကောင်းအောက်မေ့လို့"

"ကျွန်တော်ကလည်း အတည်ပြောနေတာ ကိုမျိုးညွန့်ရဲ့"

"ဟင် ဒါဆို ငါက ငါ့သမီးကို နမ်းသာနမ်းပါ သမီးရယ်လို့ ဆုံးမစကားပြောရမှာလား"

"အာ အဲ့ဒီလိုလဲဟုတ်သေးဘူးလေ"

"ဒါဆို ဘယ်လိုတုန်း"

"ဒီလိုဗျ…နမ်းဆိုတာက မြန်မာလို နမ်းလို့ပြောမဟုတ်ဘူး



…ဂ်လိပ်လို (Non) လို့ပြောတာ စာရွက်နဲ့ချရေးပြမယ်"

"အေး…ပြပါဦး"

ပုလဲသီးက စာအုပ်ထုတ်လိုက်ပြီး စာရွက်အလွတ်တစ်ခုပေါ်တွင် အောက်ပါအတိုင်း ချရေးလိုက်သည်။

| | |
|---|---|
| နမ်း (Non) | = မသွားသင့်တဲ့နေရာတွေကို သတိပေးပါ။ |
| သာ | = သူတစ်ယောက်တည်းပဲ အခြားလူတွေထက် သာလွန်ကောင်းမွန်တယ်လို့ မထင်စေရန် သတိပေးပါ။ |
| နမ်း (Non) | = ထိုအတောအတွင်း သမီးအား ဆူပူကြိမ်းမောင်းခြင်း၊ စိတ်ဆင်းရဲစေခြင်းမပြုရ။ |
| ပါ | = ရည်းစားအား အိမ်ခေါ်လာစေပြီး မိဘနှင့် မိတ်ဆက်ပေးပါစေ။ ဒါမှ ကောင်လေးရဲ့ အခြေအနေပုံစံကို စုံစမ်းလို့ရမည်။ |

ပုလဲသီးက ကိုမျိုးညွန့်အား ထိုစာရွက်ကိုပေးလိုက်သည်။

…မျိုးညွန့်က စာရွက်ကိုကြည့်ပြီး

"အင်း…မင်းဟာက ဟုတ်သလိုလိုတော့ရှိသား"

ဟုဆိုသည်။

ထိုစဉ် ကျောင်းသားတစ်ယောက် ကင်တင်းထဲသို့ ဝင်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



"ပုလဲသီးရာ ရှာလိုက်ရတာ"

"ဘာဖြစ်လို့လဲ"

"မင်းကို ပါမောက္ခက ခေါ်နိုင်းလိုက်လို့"

"အာ…"



(၁၆)

ရုံးခန်းထဲသို့ ဝင်ဝင်ချင်း ပါမောက္ခက သူ့ကိုပဲ သီးသန့် စောင့်နေပုံရသည်။

"လာကွ၊ ပုလဲသီး"

ကျောင်းသားကျောင်းသူအားလုံးက ပုလဲသီးဟုခေါ်သော ကြောင့် ဆရာကြီးကလည်း ပုလဲသီးဟု ခေါ်ပုံရသည်။

ဆရာကြီးစားပွဲရှေ့ရှိ ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

"ငါမင်းကို နိုင်းစရာရှိလို့"

"ဟုတ်ကဲ့…ဆရာကြီး"

ဆရာကြီးက သူ့ (Note Book) လေးဖွင့်လိုက်ပြီး

"လာမယ့်လထဲမှာ ငါတို့မဂ္ဂဇင်းမှာ စာတမ်းတစ်ခု တင်ဖို့ ရှိတယ်"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"စာတမ်းကတော့ ထုံးစံအတိုင်း ငါတို့တက္ကသိုလ်လုပ်နေ ကျအတိုင်းပဲ မေဂျာကိုယ်စားပြုကျောင်းသားအားလုံး စာတမ်းတစ်စော င် စီတင်ရတာလေ...အဲဒါ၊ ငါက မင်းကို ရွေးထားတယ်"

ပုလဲသီးမှာ မျက်လုံးပြူးသွားပြီး

" အာ...ဆရာကြီး၊ ဖြစ်ပါ့မလား၊ ကျွန်တော်က လေးလေး နက်နက်အလုပ်တွေ သိပ်မလုပ်ဖူးဘူး"

ဆရာကြီးကအနည်းငယ်ရယ် လိုက်ပြီး

"ဖြစ်ပါတယ်...ပုလဲသီးရ၊ ငါတို့ ဆရာ၊ ဆရာမတွေ အစည်းဝေးလုပ်ပြီး မင်းကိုရွေးလိုက်တာပါ"

ပုလဲသီးမှာ အတော်ကြီးကို စိတ်အိုက်သွားသည်။

စာတမ်းတင်တယ်ဆိုတာက လွယ်တာမဟုတ်...။ ပင်လည် ပင်ပန်းသည်။ ခေါင်းလည်းစားသည်။

"သိပ်လည်း စိတ်မပူပါနဲ့၊ လိုအပ်တာတွေကို ဆရာတို့က ကူညီပေးမှာပါ"

"မလုပ်လို့မရဘူးလား ဆရာကြီး"

သူက ရလိုရငြား မေးကြည့်လိုက်သည်။

ထင်သည့်အတိုင်းပင် ဆရာကြီးက ခေါင်းခါပြသည်။

"မင်းက ကျောင်းမှာ စပ်စပ်စုစုလည်း ပါတတ်တယ်၊ ကျောင်းသား၊ ကျောင်းသူတွေကလည်း မင်းဆိုရင် ပိုခင်ကြတယ်။ အားလုံးကလည်း မင်းပဲလုပ်စေချင်ပုံရတယ်၊ ပြီးတော့... မေဂျာ





အားလုံးထဲက အကောင်းဆုံးမေဂျာရဲ့ စာတမ်းကိုရွေးမှာဆိုတော့ ငါတို့ မေဂျာ သိက္ခာကျလို့မရဘူး"

ခေါင်းကိုမသိမသာ ကုတ်မိသည်။

တွတ်ပီစာသား သွားသတိရ၍ စိတ်ထဲမှာပဲ ညည်းညူမိသည်။ ဘာမှန်းမသိတဲ့ ကောင်းမလေးရဲ့ အစ်ကိုသုံးယောက်ကို ရှောင်ရ၊ ပါမောက္ခရဲ့စာတမ်းကို ရှောင်ရနဲ့ ကံမကောင်းတဲ့နေ့ ဖြစ်နေသည်။ နောက်ဆုံးတွင် ပါမောက္ခရဲ့ စာတမ်းကိစ္စက မည်သို့မှ ရှောင်လွဲမရ တော့မည့် ပုံပေါ်သောကြောင့် -

"အင်း...ဒါဆိုလည်း ကျွန်တော်ကြိုးစားကြည့်ပါမယ်၊ ရေးရမှာက ဘာခေါင်းစဉ်လဲ ဆရာကြီး"

"ငါတို့မေဂျာ မဲကျတဲ့ခေါင်းစဉ်က **ထူးဆန်းသော လက်ထပ်ခြင်း မင်္ဂလာဆောင်ပွဲများ**"

"ဗျာ...ဘယ်လိုကြီးလဲ"

ရေးရမည့်စာတမ်းရဲ့ ခေါင်းစဉ်ကို အူလည်လည်ဖြစ်သွားသည်။

ခေါင်းစဉ်နားမလည်ပါက ရေးရမည့် အကြောင်းအရာကပို၍ပင် ဆိုးသွားနိုင်သည်။

ဒါကို ဆရာကြီးကလည်း ရိပ်မိပုံရသည်။

"ဒီလို...မောင်ပုလဲသီးရဲ့...နမူနာတစ်ခုပြောပြမယ်"

"ဟုတ်ကဲ့"

"ဂျာမန်လူမျိုးတစ်ချို့မှာ စိတ်ဝင်စားဖွယ်ကောင်းတဲ့ဓလေ့ တစ်ခုရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"......"

"အဲဒါက ဘာလဲဆိုတော့…လက်ထပ်မင်္ဂလာပွဲမကျင်းပမီမှာ သတို့သားသတို့သမီးရဲ့ မိသားစုနဲ့ သူငယ်ချင်းတွေက များပြားလှတဲ့ ပန်းကန်ပြားတွေကို ကြမ်းပြင်မှာ ခွဲလိုက်ကြတယ်"

"ဟင်…ဘာဖြစ်လို့လဲ"

"အဲဒီလိုခွဲပြီး နောက်မှာ သတို့သားနဲ့ သတို့သမီးက အဲ့ဒီ ပန်းကန်ကွဲတွေကို နှစ်ယောက်အတူတူရှင်းလင်းရတယ်"

"ဩော်"

"ဆိုလိုတာက ပန်းကန်ကွဲအစတွေကို နှစ်ယောက်အတူတူ ရှင်းလင်းလိုက်ခြင်းအားဖြင့် သူတို့ရဲ့ဘဝအသစ်ကို အတူတူစလို့ ရပြီလို့ ယူဆကြပုံရတယ်၊ ပြီးတော့ ကံကောင်းခြင်းတွေ သယ်ဆောင်လာတယ်လို့လည်း ယုံကြည်ကြသေးတယ်"

ပုလဲသီးမှာ တော်တော်လေး စိတ်ဝင်စားသွားသည်။

"ဒါဆို ကျွန်တော်က အဲ့ဒီလို ထူးဆန်းတဲ့ဓလေ့တွေပါတဲ့ မင်္ဂလာဆောင်တွေကို စာတမ်းရေးရမှာပေါ့"

"ဒါကတော့ မင်းစိတ်ကူးနဲ့ စိတ်ဝင်စားအောင်ရေးရမှာပေါ့၊ လိုအပ်တဲ့ စာအုပ်၊ အခြားတိုလီမိုလီ၊ ခရီးသွားရမယ်ဆိုလည်း လိုအပ်တဲ့ ကုန်ကျစရိတ်တွေကို ဆရာတို့ ဌာနက အကုန်အကျခံပေးမယ်"

ဆရာကြီး၏စကားကြောင့် ထိုစာတမ်းကို စိတ်ဝင်စားလာသည်။



"ဘယ်လိုလဲ ပုလဲသီး…ရေးမယ်မှတ်လား"

"ရေးမယ်ဆရာကြီး…ဒါပေမယ့် အရမ်းကြီးကောင်းမယ်လို့တော့ အာမ မခံနိုင်ဘူး"

"ရပါတယ်၊ မင်းရေးတတ်သလိုရေးပါ"

"ဒါဆို…ကျွန်တော်ရေးပါ့မယ်"

"အဲ့ဒါဆို မင်းဘယ်ကစရမှန်း မသိမှာစိုးလို့… ရော့…ဒီမှာ မင်းဖတ်သင့်တဲ့ စာအုပ်စာရင်း၊ စာကြည့်တိုက်မှာ သွားရှာလိုက်"

အတန်ငယ်ရှည်လျားသော နံပါတ်စဉ်များပါဝင်သည့် စာရွက်တစ်ရွက်ကို ဆရာကြီးက လှမ်းပေးသည်။

နောက်ဆုံးသက်ပြင်းတစ်ချက်ချလိုက်ပြီးနောက် ဆရာကြီးရုံးခန်းထဲမှ ထွက်ခဲ့လိုက်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

(၁၇)

စာအုပ်တစ်ပွေ့တစ်ပိုက်ကြီးနဲ့ ပြန်လာသော သူ့သားကို ကြည့်ပြီး ဒေါ်ဝင်းမေမှာ အံ့ဩသွားလေသည်။

"ဟဲ့…ဒါက ဘယ်လိုဖြစ်လာရတာလဲ"

"ပါမောက္ခပေါ့အမေရယ် သားကိုအလုပ်ပေးလိုက်တာ" ဟု ဆိုပြီး သူ့အိပ်ခန်းထဲသို့ တန်းဝင်လိုက်သည်။

ဒေါ်ဝင်းမေက သူ့သားနောက်ကပ်လိုက်လာပြီး

"ဟဲ့…နင့်ဆီကို…"

"သိတယ် အမေ…လူသုံးယောက်ဖုန်းဆက်တာမှတ်လား"

"အေး…ဟုတ်တယ်"

"ဘာလဲ…သူတို့ကို ဖုန်းပြန်ဆက်လို့လည်း ပြောသွားသေးတယ် မှတ်လား"

"အေး…ဟုတ်တယ်၊ နင်ကသိလှချည်းလား"

"သိဆို အမေရေ…သူတို့က သားယောက်ဖတွေကိုး"



ဟု ပြောပြီး အခန်းတံခါးကို အလျင်အမြန် ပိတ်လိုက်ရသည်။

သူ့အမေကတော့ အူကြောင်ကြောင်နှင့် ကျန်ခဲ့ပုံရသည်။ သူကတော့ ကုတင်ပေါ်သို့ စာအုပ်များကို ပစ်တင်ပြီး စာအုပ်များနှင့် အတူလှဲချလိုက်သည်။

"ဟူး"

ပစ်လှဲလို့မှ သိပ်မကြာသေးဘူး တံခါးခေါက်သံကြားလိုက်ရသည်။

"ခေါက်…ခေါက်"

"အမေလား"

"အေး…ဟုတ်တယ်၊ နင်မသိသေးတာတစ်ခု ပြောဖို့ ကျန်ခဲ့လို့"

"ဗျာ…ဘာလဲအမေ"

အခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။

"နင့်အတွက် ပါဆယ်ဆိုပြီးရောက်နေလို့"

ဟုဆိုပြီး အမေက လက်ထဲရှိပါဆယ်ထုပ်လေးကို လှမ်းပေးသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

ပါဆယ်ဗူးပေါ်တွင် သူ့လိပ်စာကို ရေးထားသည်။ ပေးပို့သူ၏ နေရာတွင် မည်သူပေးပို့ကြောင်း မရေးထားပဲ ပေးပို့သည့် နေရာကိုပဲ ရေးထားသည်။

"အံမယ်···ငါရောက်ဖူးတဲ့ မြို့ကပို့လိုက်တာပဲ"

တော်တော် စိတ်ဝင်စားသွားသည်။

ထိုမြို့လေးကို အသိတစ်ယောက်နှင့် ရောက်ဖူးခြင်းဖြစ်သည်။ အေးအေးချမ်းချမ်းရှိပြီး မြို့ငယ်လေးတစ်မြို့ဆိုတာလည်း ပြန်မှတ်မိလိုက်သည်။

အကူအညီတောင်းခဲ့၍ သတို့သားအရံလုပ်ပေးခဲ့ဖူးသည့် နေရာလည်း ဖြစ်သည်။



ပါဆယ်ဗူးကို ဖွင့်လိုက်ပြန်သည်။

"သားရေ···ထမင်းစားမယ်"

အိမ်အောက်ထပ်မှ သူ့အမေရဲ့အော်သံကြောင့် တစ်နေ့ခင်းလုံး ဟိုလူ့ကိုရှောင်ရ ဒီလူ့ကိုရှောင်ရသော မိုက်သည် အတော်ဆာနေပြီဖြစ်ကြောင်း အသိဝင်လာသည်။

"လာပြီ၊ အမေရေ"

ဟုဆိုပြီး စားပွဲခုံတစ်ခုပေါ်တွင် ပါဆယ်ကို ပစ်တင်ကာ အောက်ထပ်သို့ ဆင်းလိုက်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

(၁၉)

ထမင်းစားပြီးနောက် ဆရာကြီးစာရင်းပေးလိုက်သည့် စာအုပ်များထဲမှ စာအုပ်တစ်အုပ်ကို ကောက်ကိုင်မိသည်။

စာအုပ်မှာ အင်္ဂလိပ်စာအုပ်ဖြစ်ပြီး တော်တော်လေးကို ထူသောစာအုပ်ဖြစ်သည်။ မျက်နှာတစ်ချက်ပင့်လိုက်ပြီး စာအုပ်၏ မာတိကာကို အရင်ကြည့်လိုက်သည်။

စိတ်ဝင်စားစရာကောင်းသော ခေါင်းစဉ်အချို့ကို စတွေ့မိသည်။

**"သတို့သမီးကို ပြန်ပေးဆွဲခြင်းဓလေ့"**

ခေါင်းစဉ်ကိုကြည့်ပြီး သဘောကျသွားသည်။

စာမျက်နှာနံပါတ်ပါသောကြောင့် အလျင်စလိုဖွင့်ဖတ်ကြည့်မိသည်။



## သတို့သမီးကို ပြန်ပေးဆွဲခြင်းဓလေ့

ဂျာမနီနိုင်ငံရဲ့ ရွာငယ်လေးများမှာ ပြုလုပ်လေ့ရှိတဲ့ ဓလေ့ဖြစ်သည်။ သတို့သား၊ သတို့သမီးရဲ့ သူငယ်ချင်းများသည် သတို့သမီးကို ပြန်ပေးဆွဲပြီးနောက် တစ်နေရာမှာ ဖွက်ထားကြရသည်။

ထို့နောက် သတို့သားက ဖွက်ထားသော သတို့သမီးကို ရှာဖွေရသည့် ဓလေ့ဖြစ်သည်။ ရှာဖွေရာတွင် သတို့သားသည် ပရိသတ်များပါဝင်လာအောင် ဖိတ်ခေါ်ပြီး သတို့သမီးကို ရှာဖွေရပါသည်။

ပထမဦးဆုံး ရွာရဲ့အအေးဆိုင်လေးက စတင်ရှာဖွေရသည်။ ပြီးမှ တခြားဖွက်ထားသည်ဟု ထင်နေရသောနေရာများ၌ တပျော်တပါး ရှာဖွေကြသည်။ သတို့သမီးကို ပြန်တွေ့ပြီးနောက် ပိုင်းမှာတော့ သတို့သားဟာ သူနဲ့အတူ သတို့သမီးရှာဖွေရ-ပါဝင်ခဲ့တဲ့ သူတွေကို စတင်ရှာဖွေခဲ့တဲ့ အအေးဆိုင်မှာ အအေးဝယ်တိုက်ရပါသည်။

ဒါဟာ အဆိုးတွေ အဆုံးသတ်ဖို့အတွက် ပြုလုပ်ခြင်းလို့လည်း အားလုံးကလက်ခံ ယုံကြည်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြုံကြုံဖန်ဖန်လုပ်တာပဲဟု စိတ်ထဲတွေးမိလိုက်သည်။

သတို့သမီးပြန့်မတွေ့ရင် သတို့သားမှာ ဒုက္ခရောက်ရ ချည်ရဲ့ ဟုတွေးပြီး စိတ်ထဲလည်းရယ်ချင်သွားသည်။

သို့သော် ဆက်ဖတ်ရင်းဖတ်ရင်း စိတ်ဝင်စားဖို့ ကောင်းလာသည်။ ဘေးနားမှာ **Note** စာအုပ်လေးချကာ တွေးမိသမျှကိုလည်း ချရေးနေမိသည်။

နောက်တစ်ခုကို ကြည့်လိုက်သောအခါ ခေါင်းစဉ်လေးက ဆန်းနေပြန်၏။

"ငွေအကြွေစေ့ ကစားပွဲ"



ငွေအကြွေစေ့ ကစားပွဲ



နယ်လေးတစ်နယ်မှာတော့ ဓလေ့လေးကတစ်မျိုးဖြစ်သည်။ သတို့သားနှင့်သတို့သမီးသည် လက်ထပ်မင်္ဂလာပွဲပြီးတဲ့ နောက်မှာ ငွေအကြွေစေ့ကစားပွဲကို ကစားလေ့ရှိကြသည်။

အနီရောင်သုတ်ထားတဲ့ ဇလုံကြီးထဲမှာ ငွေအကြွေစေ့များနှင့် အခြားတိုလီမိုလီပစ္စည်းများကို ထည့်ထားရပါသည်။

ပြီးနောက် အနီရောင်ရှိသော ရေများကို ဇလုံထဲသို့ လောင်းထည့်ကြပြန်သည်။

မင်္ဂလာဆောင်အခမ်းအနားပြီးနောက် သတို့သားမိဘအိမ်သို့ ပြန်လာသော သတို့သားနှင့်သတို့သမီးသည် ဇလုံကြီးထဲသို့ လက်နှိုက်ကာ ငွေအကြွေစေ့များကို နှိုက်ယူကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နှိက်ယူရာတွင် ငွေအကြွေစေ့ကိုပဲ ဦးစားပေးနှိက်ယူကြသည်။ ထိုသို့ဖြင့် ဇလုံကြီးထဲလက်နှိက်လိုက်၊ ငွေအကြွေစေ့ကို ဆယ်ယူလိုက်နှင့် အကြိမ်ကြိမ် ပြုလုပ်ရပါသည်။

နောက်ဆုံးပြီးလို့ ရေကြည့်တဲ့အခါမှာ ငွေအကြွေစေ့ အများဆုံး နှိက်ယူနိုင်တဲ့သတို့သား (သို့)သတို့သမီးဟာ ဒီအိမ်ကို ဦးစီးရတဲ့သူ ဖြစ်လာရပါသည်။

ဒါဟာ ကံကြမ္မာအရ အိမ်ရဲ့ဦးစီးကို ရွေးချယ်ပေးတဲ့ ပွဲဆိုရင်၊ ပြည်း မမှားပါဘူး။



<u>သတို့သမီး ဖိနပ်ထဲမှ ငွေအကြွေစေ့များ</u>



ဒါကတော့ ဆွီဒင်လူမျိုးတွေရဲ့ ရှေးဟောင်းအယူအဆ ပါ။ မင်္ဂလာဆောင်တော့မယ့် သတို့သမီးရဲ့ ဘယ်ဘက် ထဲသို့ သတို့သမီးအဖေက ငွေရောင်အကြွေစေ့လေး ထည့် ပါသည်။ သတို့သမီးရဲ့ ညာဘက်ဖိနပ်ထဲကိုတော့ သတို့ အမေက ရွှေရောင်အကြွေစေ့လေး ထည့်ပေးရသည်။

သတို့သမီးရဲ့ ဘဝတစ်လျှောက် မရှိခြင်းတွေမရှိရလေ ပြုလုပ်ပေးတာလို့လည်း ဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ခုကိုတော့ ပုလဲသီး တော်တော်လေး သဘော

သွားသည်။ ခေါင်းစဉ်ကိုက အတော်လေးကို ရင်ခုန်စရာကောင်း

မျက်ခုံးလေးပင့်လိုက်ပြီး ထိုဓလေ့ကို ဖတ်ကြည့်လိုက်



## ဝိုင်းနမ်းခြင်းဓလေ့

ဆွီဒင်နိုင်ငံရဲ့ မင်္ဂလာဆောင်တွေမှာ လာရောက်တဲ့ ဧည့်သည်တွေဟာ သတို့သားနဲ့ သတို့သမီးကို နမ်းလို့ရတဲ့ အခွင့်အရေးတွေ ရကြပါတယ်။

အကယ်၍များ သတို့သမီးဟာ အိမ်သာထဲကို ခေတ္တခဏ ဝင်နေချိန်မှာ အပြင်မှာကျန်နေခဲ့တဲ့ သတို့သားကို တက်ရောက်လာတဲ့ အမျိုးသမီးများက ဝိုင်းနမ်းခွင့်ရှိပါတယ်။

တကယ်လို့များ ဧည့်ခန်းထဲမှာ သတို့သားက သတို့သမီးရှိရာသို့ ကြည့်မနေဘဲ တစ်ဖက်လှည့်ပြီး စကားပြောနေမယ်ဆိုရင် ယောကျ်ားလေးများဟာ သတို့သမီးကို နမ်းလို့ရပါတယ်။

ဒါဟာ ဆွီဒင်လူမျိုးတွေရဲ့ ဓလေ့လေးတစ်ခုပါ။

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ထဲရှိ ပုံများကိုကြည့်ပြီး အတော်အားကျသွား
သူသာဆိုဒင် လူမျိုးဖြစ်ပါက တွေ့သမျှ မင်္ဂလာဆောင်တိုင်း သွ
ဟုလည်း တေးထားလိုက်သည်။

မျက်လုံးညောင်းလာသောကြောင့် စာအုပ်ကိုခဏပိတ်
ပြီး စာကြည့်တိုက်မှ ယူလာသော စာအုပ်ပုံကြီးကို တစ်ချက်
သည်။

ထိုအထဲမှ စာအုပ်လေး တစ်အုပ်မှာ အခြားစာအုပ်များ
သေးပြီး အနီရောင်လေးဖြစ်နေသည်ကို သတိထားမိသွားသည်။
ကြည့်လိုက်၏။

မင်္ဂလာဆောင်နှင့်ပတ်သက်သော ဓလေ့များဖြစ်သည်
စိတ်ဝင်စားစရာကောင်းသည်က မင်္ဂလာဆောင်ဓလေ့မျ
အခြားနိုင်ငံမှ ဓလေ့များမဟုတ်ပဲ သူ့နိုင်ငံမထင်မရှားနေရာများမှ
များပါ ပါဝင်နေသည်ကို တွေ့ရသည်။

ထို့ကြောင့် စိတ်ဝင်စားပြီး ဖတ်လက်စစာအုပ်ကို ချထ
အနီရောင်စာအုပ်လေး၏ မာတိကာကို ဖတ်ကြည့်မိသည်။

--------------------

--------------------

--------------------

--------------------

--------------------

--------------------

--------------------



တစ်နေရာအရောက်တွင် ခေါင်းစဉ်လေးတစ်ခုကို အထူးသတိထားမိသွားသည်။

## သတို့သား၊ သတို့သမီးအရန်များသို့ ပါဆယ်ပို့ခြင်း

သူမျက်လုံးပြူးသွားသည်။

ထိုဓလေ့ကို ပြုလုပ်သည့်မြို့သည် သူသတို့သား အရန်လုပ်ခဲ့သော မြို့ဖြစ်နေသည်ကို တိုက်တိုက်ဆိုင်ဆိုင်တွေ့လိုက်ရသည်။

''ဟင်''

ခုနက ရခဲ့သောပါဆယ်ကို သတိရမိလိုက်သည်။

ထို့ကြောင့် ခုံပေါ်တွင်တင်ထားသော ပါဆယ်ကိုကြည့်လိုက် စာအုပ်အနီလေးကို ကြည့်လိုက်နှင့် တွေဝေသွားသည်။

ရင်လည်းခုန်သွားသည်။

ထို့နောက် ကုတင်ပေါ်မှ ခုန်ဆင်းပြီး ပါဆယ်ထုပ်ကို လှမ်းယူလိုက်သည်။

သို့သော် စိတ်ပြောင်းသွားပြီး ပါဆယ်ကို ဘေးနားတွင် ချထားလိုက်ပြီး စာအုပ်အနီထဲရှိ 'သတို့သား၊ သတို့သမီးအရန်များသို့ ပါဆယ်ပို့ခြင်း' ဆိုသည့် အခန်းကို စတင်ဖတ်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



## သတို့သား၊ သတို့သမီးအရန်များသို့ ပါဆယ်ပို့ခြင်း

ဒီဓလေ့လေးကို လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက ဒီမြို့မှာ ပြုလုပ်လေ့ရှိသည်။

မင်္ဂလာပွဲမှာ ပါဝင်တဲ့ သတို့သား၊ သတို့သမီးအရန်များကို မင်္ဂလာပွဲအပြီး ပါဆယ်ပေးပို့သည့် ဓလေ့ဖြစ်သည်။

မင်္ဂလာပွဲတိုင်းမှာ ပါဝင်တဲ့သတို့သား၊ သတို့သမီးအရန်တိုင်း ပါဆယ်ရရှိတာလားဆိုတော့လည်း မဟုတ်ပြန် ....။

တစ်ချို့အရန်များသာ ပါဆယ်ရရှိခြင်းဖြစ်သည်။

ပါဆယ်ထဲတွင် သတို့သားနှင့် သတို့သမီးအရန်တို့၏ ဖူးစာကံကြမ္မာပါရှိသည်။ သတို့သားသည် မင်္ဂလာပွဲတက်ရောက်လာသော အပျိုများထဲက တစ်ဦးဦးနှင့်သော်လည်းကောင်း၊ သတို့သမီးအရန်ကလည်း တက်ရောက်လာသော လူပျိုများထဲက တစ်ဦးဦးနှင့်သော်လည်းကောင်း ဖူးစာကံကြမ္မာ ပါလျှင် ပါဆယ်ပေးပို့ခြင်းဖြစ်သည်။

ထိုပါဆယ်ကို မည်သူပို့သနည်း။

ပါဆယ်ထဲမှာ ဘာတွေပါသနည်း။

ထိုပါဆယ်ထုပ်ကို ဘယ်သူပို့လဲဆိုတာ မည်သူတစ်ဦးတစ်ယောက်မှ မသိပါဘူး။

ဖူးစာရေးနတ်ကပင် ပြုလုပ်သည်ဟု ထိုနယ်မြို့လေးတစ်မြို့လုံးက ယုံကြည်ထားကြသည်။

ထို့ပြင် ဖူးစာခန့်မှန်းချက်များသည် (ထိုမြို့လေးရှိပါဆယ်ရရှိသူမှန်သမျှ) အားလုံးမှန်ခဲ့သည်ဟု ဆိုကြသည်။

တစ်မြို့လုံးကလည်း ပါဆယ်ထဲက ဖူးစာကံကြမ္မာကို ယုံကြည်ကြသည်။ မဖြစ်ဖြစ်အောင်လည်း ပြုလုပ်ကြသည်။

သတို့သား၊ သတို့သမီးအရန်တိုင်း ပါဆယ်မရတတ်သောကြောင့် ပါဆယ်ရရှိသူ သတို့သား၊ သတို့သမီးအရန်သည် လွန်စွာ ကံထူးသူဟုဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဖတ်လက်စနေရာပဲ ရပ်လိုက်ပြီး စာအုပ်ကို ပိတ်လိုက်သည်။ သူ၏မျက်လုံးသည် ပါဆယ်ထုပ်ပေါ်ရောက်ရှိသွားပြီး လက်ထဲက အနီရောင်စာအုပ်ကိုလည်း တစ်ချက်ပြန်ကြည့်မိသည်။


တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုအကြောင်းဖတ်မိသည့်အချိန်၌ သူ့တွင်ပါဆယ်တစ်ခုရောက်နေလေပြီ…။

တိုက်ဆိုင်မှုတစ်ခုလား…။ ဒါမှမဟုတ် ကြိုတင်ကြံစည်ထားတာလား။ ပါဆယ်ဗူးလေးကို လှမ်းယူလိုက်သည်။

စာအုပ်ထဲက အဆိုအရ ဒီပါဆယ်ဗူးလေးထဲတွင် သူ့ရဲ့ ရှေးရေးဖူးစာကံကြမ္မာတစ်ခုပါနေသည်။

ပါဆယ်ကိုလှုပ်ကြည့်လိုက်၏။ ဂလောက်ဂလောက်ဆိုသော အသံကြားရသည်။

စိတ်ဝင်စားသွားပြီ ပါဆယ်ပေါ်က ပါကင်စာရွက်ကို ဖြဲလိုက်ပြီး ပါဆယ်ဗူးကို ဖွင့်လိုက်သည်။



ပန်းသီးတစ်ခြမ်းနှင့်အတူ စာလေးတစ်စောင်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com


သင်သည် ကျွန်ုပ်တို့မြို့ကမဟုတ်သော်လည်း ကျွန်ုပ်တို့မြို့၌ပြုလုပ်သော မင်္ဂလာပွဲတွင် သတို့သားအရန်လုပ်ခဲ့သောကြောင့် ကျွန်ုပ်တို့ဓလေ့နှင့် အကျုံးဝင်လေသည်။

ဤနေရာတွင် ဓလေ့ကို အကျဉ်းရုံးရှင်းပြလိုပါသည်။ မင်္ဂလာပွဲပြီးသောအခါတွင် သတို့သားအရန်(သို့) သတို့သမီးအရန်သည် ပါဆယ်တစ်ခုရရှိတတ်သည်။

သတို့သား၊ သတို့သမီးအရန်လုပ်တိုင်းပါဆယ်မရရှိတတ်ချေ…။ တစ်ချို့တလေသာ ရရှိတတ်လေသည်။ ရရှိသောသူမှာလည်း ထိုပါဆယ် ပေးပို့သည့်အဓိပ္ပာယ်အတိုင်း ဖြစ်တတ်သည်။

ဥပမာ–

မင်္ဂလာပွဲပြီးနောက် သတို့သမီးအရန်သည် ပါဆယ်ရရှိခဲ့မည်ဆိုပါက ထိုမိန်းကလေးသည် မင်္ဂလာပွဲတွင်တက်ရောက်ခဲ့သော လူပျိုယောကျ်ားလေးတစ်ဦးဦးနှင့် ဖူးစာပါတတ်သည်ဆိုသည့် သဘောဖြစ်သည်။

ထို့နည်းတူစွာ–

သတို့သားအရန်သည် ပါဆယ်ရရှိခဲ့မည်ဆိုပါက မင်္ဂလာပွဲတက်ရောက်သော အပျိုမိန်းကလေးတစ်ဦးနှင့် အိမ်ထောင်ကျမည်ဆိုသည့် သင်္ကေတပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား…ဟား"

စာကိုဖတ်ပြီးနောက် ပုလဲသီးမှာ တစ်ယောက်တည်း ရယ်နေမိသည်။

တစ်ဦးတစ်ယောက်က ပေါက်ပေါက်ရှာရှာရေးပြီး ပို့လိုက်ပုံရသည်။ အတန်ကြာသည်အထိရယ်နေပြီးနောက်-

ဘေးနားမှာရှိသော အနီရောင်စာအုပ်လေးကို တွေ့ပြန်တော့ စိတ်ထဲတွင် တွေဝေသွားပြန်သည်။

လက်ထဲက စာမှာလည်း မပြီးသေးချေ…။

ထို့ကြောင့် ဆက်ဖတ်လိုက်သည်။

တစ်ခုတော့ရှိသည်။ ထိုသို့သော ကံဇာတာပါသည့် မင်္ဂလာပွဲ၌ ဖူးစာဖက်ရှိသော မင်္ဂလာပွဲတက်ရောက်ခဲ့သည့် အမျိုးသမီး (သို့) သတို့သမီးအရန်ကို ဦးစွာ ပါဆယ်ပို့လေ့ရှိသည်။

ထိုအမျိုးသမီးက သူ၏ဖူးစာဖက်ကို ဦးစွာလေ့လာသည်။ ထိုသို့လေ့လာပြီး သဘောကျနှစ်သက်သည်ဆိုပါက သူမနှင့် ဖူးစာဖက်ပါသော သတို့သားအရန်(သို့)မင်္ဂလာပွဲတက်ရောက်ခဲ့သော ယောက်ျားလေးသို့ ပါဆယ်ပို့ကာ အသိပေးလေ့ရှိသည်။

ဤနေရာတွင် ဖူးစာရှင်များကို ဘယ်လိုရွေးလဲဟု မေးစရာရှိသည်။ သင်မှတ်မိဦးမည်ဆိုပါက မင်္ဂလာခန်းမထဲအဝင်တွင် တက်ရောက်လာသောသူများထဲက လူပျို၊ အပျိုများသည် ပုံးတစ်ခုထဲတွင်ရှိသော ကတ်တစ်ခုစီကို နှိုက်ယူကာ နာမည်နှင့် အခြားအချက်အလက်များ ဖြည့်ခဲ့သည်ကို မှတ်မိပါလိမ့်မည်။



ဆက်ခနဲ သတိတစ်ချက်ရသွားသည်။ ထိုအခါတုန်းက ထိုကတ်ပြားနှိုက်တာကိုပင် ထူးထူးဆန်းဆန်း ဖြစ်နေသေးသည်။

သို့သော် မေးမည်ဆိုပြီး၊ မမေးမိလိုက်ချေ…။ နောက်ဆုံး ထိုကတ်ပြားပေါ်တွင် နာမည်နှင့်နေရပ်လိပ်စာဖြည့်နိုင်း၍ ဖြည့်ပြီး ထိုပုံးထဲပဲပြန်ထည့်ခဲ့ရသည်ကို မှတ်မိလိုက်သည်။

ပုလဲသီးမှာ ယခုအခါ မရယ်မောတော့ချေ…။ စာကိုလည်း စိတ်ဝင်စားလာပြီဖြစ်သည်။

နောက်ဆုံးပြန်ထည့်လိုက်သော သင်၏ကတ်သည် ကျွန်ုပ်တို့၏ နည်းစနစ်ရွေးချယ်မှုတိုင်း ဖူးစာရှင်ကို ရွေးချယ်ပေးတတ်သည်။

မှန်လည်းမှန်ခဲ့ကြသည်။ မင်္ဂလာပွဲတိုင်းမှာ ဖူးစာရှင်မတွေ့တတ်ကြချေ…။ အဓိကကတော့ သတို့သားအရန်နှင့် သတို့သမီးအရန်ကို ဖူးစာရှင်ရှာပေးခြင်းဖြစ်သည်။

ယခုအခါ သင့်အလှည့်ဖြစ်သည်။

ထိုနေ့က တက်ရောက်သောသူများထဲတွင် သင်၏ဖူးစာရှင် ပါဝင်သည်။

သူ့ရင်သည် တဒိတ်ဒိတ်ခုန်တက်လာသည်။ နည်းနည်းဆန်းကြယ်သောအကြောင်းကြောင်းကြောင့် ရင်ခုန်ခြင်းလည်း ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဒါမှမဟုတ်...

ယခုအခါ သင်၏ဖူးစာရှင်ကောင်မလေးမှာ သင့်ကို လက်ခံသည်ဖြစ်သောကြောင့် သင့်အားပါဆယ်ထုပ်လေး ပို့လိုက်ခြင်းဖြစ်သည်။

ကျွန်ုပ်တို့မြို့၏ အယူအဆအရ မင်္ဂလာပွဲ၌ တွေ့ခွင့်ရသော ဖူးစာရှင်နှင့် လက်ဆက်မည်ဆိုပါက ကျန်သည့်ဘဝတစ်လျှောက် ကောင်းကျိုးများစွာ ရရှိတတ်သည်ဟု ယုံကြည်ကြသည်။

တကယ့်လက်တွေ့ဖြစ်စဉ်များလည်း ကျွန်ုပ်တို့နယ်တွင်ရှိနေသည်။

စာရွက်ကိုကြည့်ပြီး တော်တော်ကြာကြာ စဉ်းစားနေမိသေးသည်။ ပန်းသီးတစ်ခြမ်းကို ကြည့်လိုက် စာရွက်ကြည့်လိုက်နှင့် ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်နေသည်။ ဒီအတိုင်းဆိုရင် အခုလက်ခံရရှိသော ပါဆယ်ကို သူ့ဖူးစာရှင်က ပို့လိုက်ခြင်းဖြစ်ပုံရသည်။

ထိုကိစ္စနှင့် ပတ်သက်၍ တစ်ခုခုတော့ စုံစမ်းရမည်။

❑

(၂၀)

ကျောင်းရောက်ရောက်ချင်း အရင်ဆုံးလုပ်ရသည့်အလုပ်မှာ မောက္ခရုံးခန်းထဲသို့ သွားရခြင်းဖြစ်သည်။

"ဆရာကြီးရှိလား"

စာရေးမလေးကို မေးလိုက်သည်။

"အင်း...ရှိတယ်၊ အထဲမှာ"

ရုံးခန်းထဲသို့ ဝင်လိုက်သောအခါ ဆရာကြီးက စာရေးနေသည်ကို တွေ့ရသည်။

"မောင်ပုလဲသီးပါလား၊ လာလေ...ဘာကိစ္စရှိလို့လဲ"

ဆရာကြီးရှေ့တွင် ဝင်ထိုင်လိုက်ပြီး

"ဆရာကြီးကိုမေးစရာရှိလို့"

"အင်း...မေးလေ၊ စာတမ်းကိစ္စပဲလား"

www.burmeseclassic.com

www.burmeseclassic.com


ပုလဲသီးမှာ နည်းနည်းတွေဝေသွားသည်။ ပြောသင့်မပြောသင့် ချိန်ဆနေခြင်းဖြစ်သည်။

"ဟိုလေ…ဆရာကြီး"

"အင်း"

"စာတမ်းကိစ္စက တကယ်လား၊ ဒါမှမဟုတ် အကြောင်းကိစ္စ တစ်ခုခုကြောင့် ကျွန်တော့်ကို ခိုင်းတာလားလို့"

ဆရာကြီးမှာ မျက်မှောင် ကျုံ့သွားပြီး တပ်ထားသော မျက်မှန်ကို ချွတ်ကာ

"ဘာဖြစ်လို့လဲ… မောင်ပုလဲသီး"

ပြန်မေးလေသည်။

ပုလဲသီးလည်း ဆရာကြီးကို အားနာသွားသောကြောင့် ဆရာကြီးဆီမှ စာအုပ်ယူလာပုံ၊ ပါဆယ်ရရှိပုံ၊ ပါဆယ်ထဲက စာများအကြောင်းကို အစအဆုံးပြောပြလိုက်သည်။

ဆရာကြီးမှာ တအံ့တသြဖြစ်သွားပြီး-

"ဒါ…ထူးထူးဆန်းဆန်း တိုက်ဆိုင်မှုပဲ ပုလဲသီး"

"ဟုတ်ကဲ့…ကျွန်တော်လည်း အကြောင်းတစ်ခုခုများရှိလားဆိုပြီး ဆရာကြီးကို လာမေးကြည့်တာပါ"

"ဆရာတို့စာတမ်းကိစ္စက တကယ်ပါ၊ မင်းကိစ္စကတော့ တိုက်ဆိုင်ပုံရတယ်"

ဆရာကြီးမှာ ပုလဲသီးကိစ္စကို အထူးစိတ်ဝင် စားလာပုံရသည်။

ထို့နောက် တစုံတခုသတိရသွားဟန်ဖြင့် အံဆွဲထဲမှ Note စာအုပ်လေးတစ်အုပ်ထုတ်လိုက်ပြီး

"အဲဒီမြို့ရဲ့ ဓလေ့ကတော့ အနည်းငယ်လေးဆန်းတယ် မောင်ပုလဲသီးရဲ့"

"ဟင်…ဆရာကြီးက အဲ့ဒီမြို့အကြောင်းသိလား"

"သိတာပေါ့၊ ဘာဖြစ်လို့ဆိုတော့ မင်းကို ပြောခဲ့တဲ့အတိုင်းပဲ ဆရာက ထူးဆန်းတဲ့ အကြောင်းအရာလေးတွေကို စိတ်ဝင်စားတယ်လေ"

ပုလဲသီးလည်း အားတက်သွားပြီး-

"ဒါဆို ပါဆယ်ထဲက အတိုင်းပဲ ကျွန်တော့်ရဲ့ ဖူးစာဖက်က အဲ့ဒီနေ့က မင်္ဂလာပွဲတက်ရောက်ခဲ့တဲ့ မိန်းကလေးထဲက တစ်ယောက်ယောက်ပေါ့"

"အင်း…အဲ့ဒီအတိုင်းပဲဆိုရမှာပဲ"

"တကယ်ရောမှန်လို့လား ဆရာကြီး"

"ရှားပါးတဲ့ စာအုပ်လေးတစ်အုပ်ထဲမှာ ဖတ်ဖူးတဲ့ အဆိုအရတော့ အားလုံးကွက်တိမှန်တယ်လို့ဆိုတယ်၊ ထူးထူးခြားခြားအကြောင်းအရာလေးတစ်ခုတော့ မှတ်မိနေသေးတယ်"

"ဘာများလဲ ဆရာကြီး"

"ပါဆယ်ရဖူးတဲ့ အတွဲတစ်တွဲပေါ့ကွာ"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဖူးစာပါဖို့ ဘယ်လောက်များကံပါသလဲဆိုရင် ပါဆယ်ရ
တာတော့ကြာပြီ၊ ဒါပေမယ့် ပါဆယ်ထုပ်ရပြီး နှစ်ပေါင်းဆယ့်ငါးနှစ်
လောက်ကြာမှ ဖူးစာပါကြတယ်"

"ဒါဆို ကျွန်တော်က ကျွန်တော်နဲ့ဖူးစာပါတဲ့ ကောင်မလေးကို
မကြိုက်ဘူး ဆိုရင်ရော"

"ဖူးစာဆိုတာ မင်းကြိုက်ကြိုက်မကြိုက်ကြိုက် မင်းနဲ့ကံပါတဲ့
လူကို ပြောတာ မောင်ပုလဲသီးရဲ့"

ပုလဲသီးမှာ သက်ပြင်းတစ်ချက်ချလိုက်သည်။

ဆရာကြီးကလည်း ပုလဲသီးရဲ့စိတ်ကို ရိပ်မိသွားလားမသိ။

"ဒါပေမယ့်လည်း ဖူးစာပါတဲ့ သူတော်တော်များများက
ချစ်ကြိုက်ကြတာများပါတယ်"

"ဒါဆို ကျွန်တော် အခုဘာလုပ်ရမလဲ ဆရာကြီး"

တကယ်လည်း သူဘာလုပ်လို့ လုပ်ရမှန်းမသိတော့ချေ...။

ဆရာကြီးက သူ့ကို တည့်တည့်စိုက်ကြည့်လိုက်ပြီး-

"သူတို့မြို့ရဲ့ စည်းကမ်းအရဆို ကောင်မလေးနဲ့ သူ့ရဲ့မိသားစု
တွေက မင်းကို လေ့လာပြီးသွားပြီဖြစ်လိမ့်မယ်၊ ဒါကြောင့် မင်းက
ပါဆယ်ရတာပဲ"

ဤတွင် ပုလဲသီးမှာ ညီအစ်ကိုသုံးယောက်နှင့် ညီမ
တစ်ယောက်အား သတိရသွားပြီး-

"ဆရာကြီး"

"ဟေ"





"ကျွန်တော့်ကို ဖုန်းခဏလောက်ပေးဆက်ပါလား"

"ရပါတယ်"

ဆရာကြီးက သူ့ဘေးနားမှာရှိသော ဖုန်းကို ပုလဲသီးရှေ့သို့
တိုးပေးလိုက်သည်။

"ဟယ်လို...ကျောင်းသားရေးရာကပါလား"

"ဟုတ်ပါတယ်၊ ဘယ်သူနဲ့ပြောချင်လို့ပါလဲ"

ပြောချင်တာကတော့ မပူတူတူကြီးနဲ့ပြောချင်တာပါ။
ဒါပေမယ့် နာမည်မသိသောကြောင့် သူ့မှာအခက်တွေ့သွားသည်။

သို့သော် အသံမှာ မပူတူတူကြီးအသံနှင့်တူနေသောကြောင့်
ကံစမ်းသည့်သဘောဖြင့်-

"အမ...ကျွန်တော်ပါ"

"ဘယ်သူလဲ"

မပူတူတူကြီး ဘော်လွန်းမှန်း သေချာသွား လေသည်။

"ကျွန်တော်..ပုလဲသီးပါ"

"ဟဲ့...ပုလဲသီးလား၊ နင်ကကျောင်းသားရေးရာတောင်
မလာတော့ဘူးနော်"

"မဟုတ်ပါဘူး အမရယ်၊ လာချင်ပါတယ်"

"ကဲ...အခုဘာသိချင်လို့ ဖုန်းဆက်တာလဲ"

"ဟိုတစ်ခါတုန်းက အမစုံစမ်းပေးတဲ့ ကောင်မလေးလေ
မှတ်မိလား"

www.burmeseclassic.com

www.burmeseclassic.com



"မှတ်မိတာပေါ့"

"သူ…ဘယ်နယ်က ပြောင်းလာတာလဲ သိချင်လို့"

"အဲဒါဆို ခဏစောင့်"

တစ်ဖက်မှ စာရွက်စာတမ်းလှန်သံများကို ကြားရသည်။

ခဏအကြာတွင် တစ်ဖက်မှ နယ်မြို့လေးတစ်မြို့၏နာမည် ကို ကြားလိုက်ရသည်။

"သေချာတယ်နော် အမ"

"သေချာပါတယ်"

"ကျေး…ကျေးဇူးပဲအမ" ဟုဆိုပြီး ဖုန်းကို အလျှင်ချလိုက် သည်။

ပါမောက္ခက သူ့ကိုကြည့်နေ၏။

"ဘာဖြစ်လို့လဲ ပုလဲသီး"

ပုလဲသီးမှာ ဆရာကြီးကို အိချိုမိုးမြင့်ဆိုသည့်ကောင်မလေး ကိစ္စ၊ အစ်ကိုသုံးယောက်ကိစ္စအားလုံးကို ရှင်းပြလိုက်သည်။

"ကောင်မလေးက အဲဒီနယ်ကလား"

"ဟုတ်…ဟုတ်တယ်ဆရာကြီး"

ပုလဲသီးမှာ ချွေးသီးချွေးပေါက်များပင် ကျလာသည်။ မကြ စပူးများ ကြုံနေခြင်းကြောင့် စိတ်အိုက်နေခြင်းလည်း ဖြစ်သည်။

"အဲဒီကောင်မလေးဖြစ်နိုင်တယ် မောင်ပုလဲသီး၊ ဘာဖြစ် လို့လဲဆိုတော့ သူတို့မြို့က လူတွေက မိသားစုထဲမှာ အဲ့ဒီလိုမျိုး ပါဆယ်ရပြီး ပါဆယ်ထဲကလူနဲ့ ဖူးစာပါခဲ့ရင် စိတ်ချမ်းသာပြီး



ီးပွားဥစ္စာ တိုးတက်တယ်လို့ ယုံကြည်ကြတယ်။ ထိုဖူးစာပါဖို့လည်း သူတို့က အစွမ်းကုန် ကူညီပေးကြတယ်၊ သေချာအောင်တော့ ခင်းစုံစမ်းသင့်တယ်"

"ဒါဆို သူတို့က ကျွန်တော့်ကို လေ့လာနေကြတာပေါ့"

"ဟုတ်လိမ့်မယ်၊ မင်းစိတ်ဝင်စားလာအောင် အရင်ကြိုးစား ကြ တာဖြစ်လိမ့်မယ်၊ ပိုဆိုးတာက မင်းက အဲ့ဒီမြို့က မြို့သားမဟုတ် ဘူး"

"ဘာကြောင့်လို့လဲ ဆရာကြီး"

ဆရာကြီးက သူ့ Note လေးကို ဖွင့်လိုက်ပြီး-

"မြို့သူမြို့သားအချင်းချင်းဆိုရင် အကြောင်းမဟုတ်ဘူး၊ သိပ်လွယ်တယ်၊ အမျိုးသမီးက လေ့လာတယ်။ အမျိုးသား ကလည်း ရိုးရှင်းတဲ့ပုံစံနဲ့ ချစ်ခွင့်ပန်တယ် စသဖြင့်ပေါ့ကွာ"

"အခုကျွန်တော်က…"

"မင်းက အခြားက ဖြစ်နေတဲ့အတွက် အမျိုးသမီးနဲ့ သူ့မိသားစုတစ်ခုလုံးဟာ သူတို့မြို့ကို စွန့်ခွာပြီး မင်းနေတဲ့မြို့ကို လာပြီး မင်းကို လေ့လာရတယ်"

❑

www.burmeseclassic.com

www.burmeseclassic.com

(၂၀)

ပုလဲသီးစကားဆုံးတော့ တင်မောင်နဲ့ ဆန်းမင်းဝင်းက အူတူ တူနဲ့ကြည့်နေသည်။

"မင်းဟာက ဟုတ်လို့လား"

ဆန်းမင်းဝင်းက မုန့်ပလုတ်ပလောင်းစားနေရင်းမှ မေးသည်။

"သော်...ငါလည်းမယုံပါဘူး၊ ဒါပေမယ့် သူ့ဟာတွေက တကယ်ဖြစ်လာလို့ ယုံနေရတာပေါ့"

ပုလဲသီးက အိတ်ထဲမှ ပါဆယ်ဗူးကိုထုတ်ပြီး ပြလိုက် သည်။ တင်မောင်နှင့်ဆန်းမင်းဝင်းက လှမ်းယူပြီးနောက် အသေအချာ ကြည့်နေလေ၏။

"ဘယ်ကမိန်းကလေးမှန်းလည်း မသိဘဲနဲ့ မင်းနဲ့ဖူးစာပါမယ်ဆိုတော့ မဟုတ်သေးပါဘူးကွာ"



တင်မောင်နှင့် ဆန်းမင်းဝင်းမှာ ထိုကိစ္စကို အတော်လေး ထူးဆန်းနေပုံရပြီး မယုံမကြည်လည်း ဖြစ်နေသည်။

သို့သော် ပါမောက္ခကိုယ်တိုင်က ဖတ်ဖူးမှတ်ဖူးထားသည်များ ကို ပြောလိုက်၍လည်း တွေဝေနေပုံရသည်။

ထိုစဉ် တင်မောင်က မေးခွန်းတစ်ခုဝင်မေးသည်။

"ဒီပါဆယ်နဲ့ ဒီကိစ္စကို လစ်လျူရှုထားမယ်ဆိုရင် ဘာဖြစ် လာမလဲ"

"ဘယ်လို"

တင်မောင့်အမေးကြောင့်ပုလဲသီးအတွေးမှာ လက်ကန့်ဖြစ် သွားသည်။ မစဉ်းစားမိသော ရှုထောင့်ကဖြစ်သည်။

"ဒီပါဆယ်နဲ့ ဒီကိစ္စကို လစ်လျူရှုထားရင် ဘာဖြစ်လာမလဲ လို့မေးတာ"

"အဲ့ဒါတော့ ငါလည်းမသိဘူးကွ၊ ပါမောက္ခကိုလည်း မမေး ခဲ့လိုက်ရဘူး"

"မင်း...ဒီအတိုင်းပဲနေကြည့်ပေါ့"

"အေး...အဲ့ဒါကောင်းတယ်"

ထိုသို့စကားပြောနေစဉ်မှာပဲ ပုလဲသီး၏ အကြည့်များသည် လူများစုစုရုံးရုံးဖြစ်နေသော ဆိုင်တစ်ဆိုင်ကို သတိထားမိသွားသည်။

"ဘာဖြစ်နေတာလဲမသိဘူး"

တင်မောင်နှင့် ဆန်းမင်းဝင်းကလည်း ပုလဲသီးကြည့်ရာ လိုက်ကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေး…ဟုတ်တယ်၊ လူတွေအများကြီးပဲကွ"

"သွားကြည့်ရအောင်"

ဆန်းမင်းဝင်းစကားကြောင့် တင်မောင်နှင့် ပုလဲသီးမှာ စိတ်ဝင်စားသွားပြီး လူများဝိုင်းအုံနေသော နေရာသို့ စပ်စုရန်အတွက် သွားလိုက်ကြသည်။

❑

(၂၂)

မုန့်သည်ကြီးတစ်ယောက် မုန့်ရောင်းနေခြင်းဖြစ်သည်။ အရင်နေ့တွေတုန်းက မတွေ့ရဘဲ ဒီနေ့မှလာရောင်းပုံရသည်။

သို့သော် ရိုးရိုးတန်းတန်းလာရောင်းခြင်းမဟုတ်ဘဲ ခပ်ဆန်းဆန်းလာရောင်းသော မုန့်သည်ဖြစ်သောကြောင့် လူအများက စိတ်ဝင်စားပြီး ဝိုင်းအုံနေကြခြင်း ဖြစ်သည်။

ဈေးရောင်းခုံ၏နောက်တွင် ဆိုင်းဘုတ်ရှည်ရှည်တစ်ခုထောင်ထားပြီး ဆိုင်းဘုတ်ပေါ်တွင်လည်း ပုံလေးပုံကပ်ထားလေသည်။

ထို့ပြင် ထိုပုံလေးပုံနှင့်အတူ မေးခွန်းတစ်ခုလည်း ရေးထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ပုံထဲက ယောကျ်ားသည် ဖော်ပြပါမိန်းမသုံးယောက်ထဲက မည်သူနှင့် လက်ထပ်သင့်သနည်း?



မိန်းမ (၁)



မိန်းမ (၂)



မိန်းမ (၃)



ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းကြည့်နေသော သူများကလည်း ပုံကိုကြည့်လိုက်၊ ရောင်းသောမုန့်များကို ကြည့်လိုက်၊ မုန့်ရောင်းသော ဦးလေးကြီးကို ကြည့်လိုက်နှင့် ပတ်လည်ရိုက်နေလေသည်။

ပုလဲသီးမှာ နားမလည်သောကြောင့် ဘေးနားက ကျောင်းသားကို လှမ်းမေးလိုက်သည်။

"ဘာအဓိပ္ပာယ်လဲကွ"

"ဒီဈေးရောင်းတဲ့သူကြီးက သူမေးထားတဲ့ မေးခွန်းကို ဖြေနိုင်ရင် ဒီမှာကြည့်နေတဲ့လူအားလုံးကို မုန့်အလကားကျွေးမယ်တဲ့၊ အဲ… အဖြေမှားခဲ့ရင်တော့ သူ့မုန့်တွေကို ဝိုင်းကြည့်နေတဲ့လူတွေက အကုန်ဝယ်စားရမယ်တဲ့"

ဈေးရောင်းတဲ့ အိုင်ဒီယာကို သဘောကျသွားသည်။

"အဖြေက တစ်ခါထဲဖြေရမှာလား"

"ဟုတ်တယ်၊ ပထမအဖြေကိုပဲ အမှား၊ အမှန်ယူမှာ"

ဒါမျိုးဆိုရင်တော့ ပုလဲသီးက စိတ်ဝင်စားသည်။

တင်မောင်နှင့် ဆန်းမင်းဝင်းကတော့ ပုံလေးပုံကို ပြူးတူးပြဲတဲကြည့်နေသည်။

"ဘယ်သူမှ မဖြေကြသေးဘူးလား"

တင်မောင်ကလည်း ထိုကျောင်းသားလေးကို ဝင်မေးသည်။

"မဖြေသေးဘူး၊ မှားသွားရင် မုန့်အကုန်ဝယ်စားရမှာစိုးလို့"

ပုလဲသီးက ပုံများကို သေချာစွာစိုက်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပုံများအားလုံးမှာ အိပ်နေသည့် ဟန်များဖြစ်သည်။ တစ်ခုခုသော့ ရှိရမည်။

ကြည့်နေစဉ်မှာပဲ ပုလဲသီးစိတ်ထဲတွင် အိပ်ခြင်းဆိုင်ရာ သင်္ကေတများကို သွားသတိရသည်။

ထို့ကြောင့် -

"ကျွန်တော်ဖြေမယ်"

မုန့်ရောင်းသော ဦးလေးကြီးက သူ့ကိုကြည့်သည်။

ဝိုင်းကြည့်နေသော လူအားလုံးကလည်း -

"ပုလဲသီးဖြေမယ်တဲ့ ဟော့···မုန့်စားရတော့မလားမသိဘူး" ဟူ၍ တစ်ယောက်တစ်ပေါက် အသံထွက်လာသည်။

မုန့်ရောင်းသော ဦးလေးကြီးက ဝိုင်းကြည့်နေသော သူများကို တစ်ချက်ကြည့်လိုက်ပြီ -

"သူပြောတဲ့ အဖြေကို အတည်ယူမှာလား"

ဟု ဝိုင်းကြည့်နေသောသူအားလုံးကို မေးလိုက်လေသည်။ အားလုံးကလည်း တညီတညွတ်တည်း -

"ယူမယ်"

ဟုဖြေကြသည်။

အားလုံးက အဖြေမှားလည်း မုန့်ဝယ်စားလိုက်ယုံပဲဟု တွေးထားပုံရသည်။

ပုလဲသီးက ရှေ့သို့ထွက်လိုက်၏။



"ကဲ···ကောင်လေး အဲ့ဒီယောက်ျားကို ပုံထဲကဘယ် မိန်းခလေးနဲ့ လက်ထပ်ရင်အဆင်ပြေမလဲ"

ပုလဲသီးက မဆိုင်းမတွ ဖြေလိုက်သည်။

"မိန်းမ(၂)နဲ့ လက်ထပ်ရင်အဆင်ပြေမယ်"

ဦးလေးကြီးက မျက်မှောင်ကြုတ်လိုက်သောကြောင့် အားလုံးမှာ စိုးရိမ်စိတ်ဝင်သွားကြသည်။

"သေချာလို့လား ကောင်လေး"

"သေချာတယ်"

"ဘာဖြစ်လို့ မိန်းမ(၂) နဲ့လက်ထပ်ရင်အဆင်ပြေမယ်လို့ ပြောရတာလဲ"

"ပုံတွေက အိပ်တဲ့အမူအရာများကို ဖော်ပြထားတဲ့ပုံတွေဖြစ်နေ တယ်"

"အင်း"

"အိပ်တဲ့အခါ လူတိုင်းကတော့ ပုံသဏ္ဌာန်အမျိုးမျိုးပြောင်း အိပ်တာပါပဲ၊ ဒါပေမယ့် တစ်ခါတစ်ရံမှာတော့ အိပ်တဲ့ပုံစံကိုကြည့်ပြီး သူ့ရဲ့လတ်တလောစိတ်ခံစားမှု အခြေအနေနဲ့ သူ့ရဲ့စိတ်ဓာတ်ကို ခန့်မှန်းလို့ရပါတယ်"

အားလုံးမှာ ပုလဲသီးစကားကို စိတ်ဝင်စားသွားကြသည်။

ပုလဲသီးကလည်း ပြောလက်စနှင့် မထူးတော့ဘူးဟု ဆိုကာ ဆက်ကြောဆက်ရှည်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ပုံတစ်ခုချင်းစီရဲ့ စိတ်နေသဘောထားကို ရှင်းပြရမယ်ဆို ရင်..."

ဟုဆိုလိုက်ပြီး တစ်ဖက်အတိုင်း ရှင်းပြလေသည်။



<u>ယေဘုယျ</u>

အဲ့ဒီလိုအနေအထားနဲ့ အိပ်တတ်တဲ့လူတွေဟာ လတ်တလောမှာ အထီးကျန်ဆန်ပြီး စိတ်ဓာတ်ကျနေပုံရတယ်။ အတိတ်က မအောင်မြင်မှုတွေ၊ တွေဝေတုံ့ဆိုင်းမှုတွေကို ခံစားပြီး စိတ်ဓာတ် ကျနေတာလည်း ဖြစ်နိုင်ပါတယ်။ ဦတဲ့ချတဲ့ဖြစ်ပြီး ဆုံးဖြတ်ချက် မပြတ်သားတဲ့လူလည်း ဖြစ်တယ်။ ဘဝမှာ အချစ်ပျောက်ဆုံးနေ တဲ့ အချိန်အခါလည်းဖြစ်ပါတယ်။

<u>မိန်းမ(၁)</u>

အဲ့ဒီလို အခါအားလျော်စွာအိပ်တတ်တဲ့ သူတွေကတော့ တကိုယ်ကောင်းဆန်တယ်။ မနာလိုဝန်တိုစိတ်ရှိတတ်ပြီး အာဃာတ လည်း ထားတတ်လူမျိုးဖြစ်တယ်။

<u>မိန်းမ(၂)</u>

သူကတော့ မိန်းမ(၁)နဲ့ ဆန့်ကျင်ဘက်လူမျိုးပါ။ သိမ်မွေ့ ယဉ်ကျေးတယ်။ ရိုးသားတယ်။ သူတစ်ပါးအပေါ်ကို မေတ္တာထား တတ်တယ်။

<u>မိန်းမ(၃)</u>

စီဇာကြောင်ပြီး ကြေးများတတ်တဲ့ အကျင့်ရှိတယ်။ အမြဲတမ်းလည်း ညည်းညူတတ်ပြီး မကျေမနပ်ဖြစ်နေတတ်တဲ့ လူစားမျိုးလည်း ဖြစ်တယ်။ သေးငယ်တဲ့အကြောင်းအရာကိစ္စတွေ ကိုတောင်မှ စိတ်လှုပ်ရှားပြီး စိတ်အိုက်နေတတ်တဲ့ လူမျိုး လည်းဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပုလဲသီးစကားကြောင့် နားထောင်နေသောသူများမှာ မိမိဘ
လိုပုံများ အိပ်ပါလိမ့်ဟုပြန်တွေးနေမိကြသည်။

"အဲဒီတော့...စိတ်ဓာတ်ကျပြီး အထီးကျန်နေတဲ့ ယောက်
ကို ဘယ်လိုမိန်းမမျိုးနဲ့ပဲ လက်ထပ်သင့်တယ်ထင်လဲ၊ မိန်းမ(၂)
လူမျိုးနဲ့ပဲ လက်ထပ်သင့်တာပေါ့၊ ဟုတ်ဘူးလား"

ဟု ဆိုပြီး ပုလဲသီးက စကားကို အဆုံးသတ်လိုက်သည်

ဈေးရောင်းသော ဦးလေးကြီးမှာ ပုလဲသီးကို ကြည့်နေ

"မုန့်လားဦးလေးကြီး"

ကြည့်နေသော လူများထဲမှ ကျောင်းသားတစ်ယောက်
မေးသည်။

ထို့နောက်-

ဦးလေးကြီးသည် ဘာမှပြန်မပြောဘဲ ကြည့်နေသောသူ
ကို သူ၏မုန့်များအားတစ်ခုချင်းစီ လိုက်ဝေလိုက်လေသည်။

"ဟေး"

အားလုံးမှာ ပျော်ရွှင်သွားကြပြီး မုန့်များကို အလုအယက်
ယူကြလေ၏။

ထိုအချိန်တွင်

ကင်တင်းထဲသို့ ကျောင်းသားတစ်သိုက်ဝင်လာပြီး လ
ကမ်းစာရွက်များကို တစ်ယောက်တစ်ရွက်စီ လိုက်ကမ်းပေးလေ



နှုတ်မှလည်း-

"ဒါနောက်တာမဟုတ်ပါဘူး ခင်ဗျာ...တကယ်ပါ"

ဟုဆိုပြီး စာရွက်များကို ပေးလေ၏။

မုန့်ဆိုင်ကလူများကိုလည်း တစ်ရွက်ချင်းစီလိုက်ပေး၏။

ပုလဲသီးလည်း 'ဘာတွေလဲဟ' ဟုဆိုပြီး စာရွက်ကိုလှမ်းယူ
တာ ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရည်ချောမောလှပသော မိန်းကလေးတစ်ဦးအား ကောက်ရထားပါသည်။ ပိုင်ရှင်သည် နိုင်လုံသော အထောက်အထားပြ၍ ရှုပဗေဒ ကင်တင်းရှိ ကောင်တာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


ကျောင်းသားအချို့က လက်ကမ်းစာရွက်များ ပြုလုပ်ပြီး သေသေချာချာနောက်ပြောင်နေပုံရသည်။ သို့သော် လက်ကမ်းစာရွက် လိုက်ဝေသော ကျောင်းသားများမှာ ခပ်တည်တည်ပဲ ဖြစ်နေ၏။

ဗရုတ်ကျသော ကျောင်းသားတစ်ယောက်က လှမ်းမေးသည်။

"ဟော့…ကောင်မလေးက ဘယ်လိုလှတာလဲဗျ"

"ဟာ…လှတာတော့ မပြောနဲ့တော့ဗျို့…ဘယ်လောက်တောင်လှသလဲဆိုရင် ရှမင်းတဲ့ အလှဆိုတာ ကြားဖူးလား"

"အင်း…ကြားဖူးတယ်"

"သူမကတော့ ရှူးပေါက်တဲ့အလှမျိုးဗျို့"

"ဟ…ဘယ်လိုကြီးလဲ"

"ကြက်သီးထအောင်ကို လှတာလို့ပြောတာ"

အားလုံးဝိုင်း ရယ်ကြသည်။

ပုလဲသီးမှာ အခုချိန်ထိ မှန့်ရောင်းတဲ့ဦးလေးကြီးဆီမှာပဲ ရှိသေးသည်။

"ကောင်လေး…သူတို့နောက်နေတယ်လို့ထင်လား"

ဦးလေးကြီးက ပုလဲသီးကို တိုးတိုးလေးကပ်ပြောသည်။

ပုလဲသီးကလည်း ခေါင်းညိမ့်ပြလိုက်ပြီး-

"ကျောင်းမှာက ဒီလိုပဲလေ ဦးလေးကြီးရဲ့…ပေါက်ကရတွေ လုပ်ပြီး နောက်နေကြတာ"

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ…နောက်တယ်ဆိုရင်တောင် သူတို့တွေဘာဖြစ်လို့ ဒီလိုအပင်အပန်းခံပြီး ဘာတွေနောက်ထားတယ်ဆိုတာ သိချင်လိုက်တာ"

ဟုဆိုပြီး သူ့ပစ္စည်းများကို သိမ်းနေလေ၏။

ထို့နောက် ပုလဲသီးတို့သည် မှန့်ရောင်းသော ဦးလေးကြီးကို နှုတ်ဆက်ပြီး ကင်တင်းထဲမှ ပြန်ထွက်လာခဲ့လိုက်သည်။

❑

BURMESE CLASSIC .com

(၂၃)

ကျောင်းကပြန်ရောက်လာသော သူ့သားကိုကြည့်ပြီး-

"ဟဲ့…ဒီနေ့ စာအုပ်တွေမပါဘူးလား"

"အား…အမေကလည်း ဟိုတစ်နေ့က စာအုပ်တွေတောင် ဖတ်လို့မပြီးသေးဘူး၊ ဒါနဲ့…မုန့်းလာသေးလား"

"မလာဘူး"

ညီအစ်ကိုသုံးယောက်မုန့်းကို ရောင်းပြေးခဲ့သောသူမှာ အခု တော့ သူတို့မုန့်းကို ပြန်စိတ်ဝင်စားနေသည်။

သူကနေစပြီး မုန့်းလည်းမဆက်ချင်…။ဘာပြောလို့ ပြောရမှန်းမသိသောကြောင့် ဖြစ်သည်။

ထိုစဉ် မုန့်းမြည်လာ၏။

သူ့မေကလည်း သူ့ကို လှမ်းကြည့်သည်။

www.burmeseclassic.com

"နင့်ဖုန်းလားမသိဘူး"

ဟုဆိုပြီး သူ့ကိုမျက်စောင်းတစ်ချက်ထိုးကာ နောက်ဖေး ဘက်သို့ ဝင်သွားလေသည်။

"ဟယ်လို"

"ဟယ်လို"

တစ်ဖက်မှ ယောကျ်ားသံကို မျှော်လင့်ထားသောသူမှာ ယခု မိန်းကလေးအသံဖြစ်နေသောကြောင့် ကြောင်တောင်တောင် ဖြစ်သွား သည်။

"ဘယ်သူနဲ့ပြောချင်လို့ပါလဲ"

"ပုလဲသီးနဲ့ ပြောချင်လို့ပါ"

"ဟုတ်ကဲ့…ကျွန်တော်ပါ။ ဘယ်သူလဲမသိဘူး"

"ကျွန်မက အိချိုမိုးမြင့်ပါ၊ ရှင့်ရဲ့ဖူးစာရှင်လေ၊ ရှင်နဲ့ကျွန်မနဲ့ ဖူးစာပါဖို့ တစ်ပတ်ပဲလိုတော့တာကြောင့် ဖုန်းဆက်လိုက်တာ"

"ဗျာ"

ဖုန်းခွက်ကို ယောင်ယမ်းပြီးလက်နဲ့ ပိတ်လိုက်မိသည်။

❑

(၂၄)

"ဘာဖြစ်သွားတာလဲရှင့်"

"ဘာမှမဖြစ်ပါဘူး"

အသံလေးကတော့ ချစ်ဖို့ကောင်းနေသည်။

"ရှင်လည်း ပါဆယ်ရပြီးလောက်ရောပေါ့"

"ရပြီးပါပြီ"

သူ့အသံမှာ အနည်းငယ်တုံ့ဆိုင်းနေကြောင်း သတိထ သည်။

"ယုံလား"

"ဘာကိုလဲ"

"ရှင်ဟာ ကျွန်မရဲ့ဖူးစာရှင်ဆိုတာလေ"

"မယုံဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူဘာတော တောလိုက်သောကြောင့် တစ်ဖက်မှ ရယ်လေသည်။

"ဘာရယ်တာလဲဗျ"

"ဩော်...ရှင်မယုံဘူးဆိုတာ ကျွန်မတော့ မအံ့သြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရှင်က ကျွန်မတို့နယ်ကမှ မဟုတ်တာ၊ ကျွန်မနယ်ကလူဆိုရင် ပါဆယ်ဆိုတာနဲ့ ယုံပြီးသားပဲ"

"နေပါဦး၊ ခင်ဗျားကို ကျွန်တော်က မြင်လည်းမမြင်ဖူးဘူး၊ တွေ့လည်း မတွေ့ဖူးဘူး၊ ချစ်သူတွေလည်း မဟုတ်ကြပဲနဲ့ ဘယ်လိုလုပ်ပြီး ဖူးစာပါမှာလဲ"

"ဖူးစာဆိုတာ ချစ်ကြမှ ဖူးစာပါတာမဟုတ်ပါဘူး၊ မချစ်ပဲနဲ့လည်း ဖူးစာပါကြတာပဲ"

"ဟာ...လက်မခံနိုင်ဘူးဗျာ၊ ခင်ဗျားတို့ဓလေ့ယုံကြည်ချက်ကို ခင်ဗျားတို့နယ်မှာပဲ သွားလုပ်"

သူနည်းနည်းတော့ ဒေါသထွက်သွားတာအမှန်ပင်...။

အကျပ်ကိုင်သလို၊ စိတ်အိုက်သလိုနဲ့ ကျဉ်းကျပ်လာသည်ဟုလည်း ခံစားနေရသည်။

"ပြီးတော့ ကျွန်မရဲ့ပါဆယ်ရပြီး တစ်လအတွင်း ရှင်နဲ့ကျွန်မဖူးစာပါမယ်လို့ ဆိုထားတယ်နော်"

"ပါဆယ်ရပြီး တစ်လအတွင်း ဟုတ်လား"

"ဟုတ်တယ်"



"ဒါကပိုပြီးတော့ကို မဖြစ်နိုင်ဘူး၊လူတစ်ယောက်နဲ့ တစ်ယောက်ဖူးစာပါအိမ်ထောင်ကျဖို့ဆိုတာ လွယ်လွယ်လေးနဲ့မှ မဖြစ်နိုင်တာ"

"အဲဒါကတော့ ကျွန်မ မသိဘူး၊ ကျွန်မကတော့ ကျွန်မတို့နယ်က ဓလေ့ကိုယုံတယ်"

"မ...မဖြစ်နိုင်ပါဘူးဗျာ"

"အင်းလေ...ဖြစ်နိုင်မဖြစ်နိုင်ဆိုတာ အချိန်ကဆုံးဖြတ်ပေးသွားမှာပါ၊ ကျွန်မ ပါဆယ်ရပြီး တစ်လအတွင်းဆိုတော့ တစ်လပြည့်ဖို့ (၁)ပတ်တော့ ကျန်ပါသေးတယ်၊ စောင့်ကြည့်ရတာပေါ့"

ပုလဲသီးရဲ့ ကိုးလိုးကန့်လန့်စိတ်ကလေးက ထလာသည်။

"ဒီ(၁)ပတ်အတွင်းမှာ ဖူးစာမပါခဲ့ရင်ရော"

"သိပ်ကောင်းတဲ့မေးခွန်းပဲ"

တစ်ဖက်မှလည်း အနည်းငယ်စိတ်လှုပ်ရှားနေတဲ့ပုံပေါက်သည်။

"အကယ်၍များ ဒီ(၁)ပတ်အတွင်းမှာ ရှင်နဲ့ကျွန်မနဲ့ ကျွန်မတို့ နယ်ကအတိုင်း ဖူးစာမပါခဲ့ဘူးဆိုရင် ကျွန်မက ရှင့်ကို နှောက်ယှက်မိတဲ့အတွက် လာတောင်းပန်ပါ့မယ်၊ ရှင်ကျေနပ်တဲ့ ထိ ပေါ့"

"မင်းက ဒီ(၁)ပတ်အတွင်းမှာ ဖူးစာပါအောင် တစ်ခုခုလုပ်ခဲ့ရင်ရော"

"ဖူးစာဆိုတာ လုပ်ယူလို့မှမရတာ"

သူနည်းနည်းတော့ တွေဝေသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ယုံကြည်မှုပြင်းထန်လွန်းသည့် နယ်မြို့လေးတစ်မြို့၏ ကိစ္စလည်း ဖြစ်နေသည်။

''ကောင်းပြီလေ၊ တစ်ခုမေးရဦးမယ်''

''အင်း…မေးလေး''

''အဲဒီကိစ္စတစ်ခုလုံးကို မင်းအိမ်က သိကြလား''

''အရင်တုန်းကတော့ မသိဘူးရှင့်၊ သူတို့က ကျွန်မကို တခြားလူနဲ့ လက်ထပ်ပေးမယ်ပြောပြီးနောက် နှစ်ရက်လောက်မှာပဲ ပါဆယ်ရတာရှင့်၊ ဒီတော့ ကျွန်မက ကျွန်မရဲ့ဖူးစာရှင်ဆိုတာ ရှင်လို့ပြောရတာပေါ့''

''ဒါကြောင့် မင်းအစ်ကိုတွေက သူတို့ညီမရဲ့ ရည်းစားဆိုပြီး ငါ့ဆီလာပြီး မေးလားမြန်းလား လုပ်တာပေါ့''

''အင်း…ဒါကတော့ ရှင့်စိတ်ကို သူတို့က သိချင်လို့နေမှာပေါ့''

''ကောင်းပြီလေ၊ (၁)ပတ်အတွင်းမှာ မင်းနဲ့ငါနဲ့ ဖူးစာမပါခဲ့ကြရင် မင်းငါ့ကို လာတောင်းပန်ရမယ်''

''စိန်လိုက်လေ၊ ကျွန်မကတော့ အဆင့်သင့်ပါပဲ''

တို့နောက် ပုလဲသီးက ဖုန်းအရင်ချလိုက်သည်။

သူ့ရှေ့မှာရှိနေသော ပြက္ခဒိန်ကို တွေဝေတုံ့ဆိုင်းစွာဖြင့် ငေးကြည့်နေမိသည်။

ဒီနေ့သည် တနင်္လာနေ့ ဖြစ်နေသည်။

❑

လာတွေ့ပါမယ်
ဆုံနေကျနေရာမှာ
စောင့်ပေးပါ
အလွမ်းပဲ သယ်လာခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com

## (၂၅)

ကင်တင်းထဲဝင်လိုက်သောအခါ ပုစ္ဆာမေးခွန်းများမေးရင်း
့ရောင်းနေသော ဦးလေးကြီးကို ထပ်တွေ့ရသည်။

မေးခွန်းပုစ္ဆာလည်း ပြောင်းထားသည်ကို တွေ့ရသည်။

ဒီတစ်ခါတော့ ပရိသတ်ထဲက အဖြေမှားသွားပုံရသည်။
းလုံးက မုန့်ဝယ်နေတာကိုတွေ့ရသည်။

မုန့်ရောင်းသော ဦးလေးကြီးက သူ့ကိုမြင်တော့ လက်လှမ်းပြ
ည်။

သူက-

"ကောင်လေး...ဒီတစ်ခါတော့ မင်းမဖြေပါနဲ့ကွာ"

ဟု လှမ်းအော်လိုက်သေးသည်။

သူကလည်း ရယ်မောလိုက်ရင်း ကင်းတင်းထဲမှာ ထိုင်နေ
သာ တင်မောင်နဲ့ဆန်းမင်းဝင်းခုံတွင် ဝင်ထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နောက်ကျလှချည်းလားကွ"

"စာတမ်းအတွက် စာဖတ်နေလို့ အိမ်ယာထနောက်ကျသွားတာ"

"မင်းစာတမ်းက မပြီးသေးဘူးလား"

"နည်းနည်းကျန်သေးတယ်"

ပုလဲသီးက သက်ပြင်းချလိုက်ပြီး 'လက်ဖက်ရည်တစ်ခွက်' ဟု လှမ်းမှာလိုက်သည်။ ပုလဲသီးမျက်နှာမှာ မရွှင်မလန်းဖြစ်နေသည်။

ဒါကို တင်မောင်နှင့် ဆန်းမင်းဝင်းကလည်း ရိပ်မိသွားပြီး-

"ပုလဲသီး"

"ဘာလဲ"

"မင်းမျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်နေလို့လဲ"

ပုလဲသီးလည်း သက်ပြင်းတစ်ချက်ထပ်ချကာ-

"ငါတစ်ပတ်အတွင်း အိမ်ထောင်ကျတော့မယ်တဲ့"

"ဘာ"

"ဘယ်လို"

အာမေဋိတ်သံတစ်ယောက်တစ်မျိုးစီ ထွက်သွားကြပြီး မျက်လုံးများလည်း အဆမတန်ပြူးသွားကြသည်။

"မင်းအိမ်က မင်းကို မိန်းမပေးစားဖို့ လုပ်နေကြလို့လား"

ပုလဲသီးက ခေါင်းခါပြသည်။

"ဒါဆို...မင်း၊ ကောင်းမလေးတစ်ယောက်ကို ဟိုဒင်း ဟိုဟာများ လုပ်ပြီး..."



"အာ...ဘာတွေပြောနေတာလဲ...အဲ့ဒါတွေက တစ်ခုမှ မဟုတ်ဘူး"

"အဲ့ဒါဆိုဘာလဲ"

"ပါဆယ်ကိစ္စလေ"

ပုလဲသီးက အိချိုမိုးမြင့် ဖုန်းဆက်သည့်ကိစ္စကို အသေးစိတ်ပြောပြလိုက်ရသည်။

တင်မောင်နှင့် ဆန်းမင်းဝင်းလည်း အံ့သြနေပြီး-

"ဟုတ်...ဟုတ်ပါ့မလား"

"ငါလည်း မသိဘူးကွ၊ တဖက်ကတော့ တော်တော်ယုံနေပုံရတယ်"

ဆန်းမင်းဝင်းကလည်း-

"မင်း...ဒါဆိုဘယ်လိုလုပ်မလဲ"

"မသိဘူး"

ပုလဲသီးမှာ တကယ်စိတ်ပျက်လက်ပျက်ပုံစံပေါက်နေသည်။ တင်မောင်က ပုလဲသီးအစား စိတ်မောနေပုံရသည်။

ဆန်းမင်းဝင်းကတော့-

"ငါသာမင်းနေရာမှာဆိုရင် အဲ့ဒီဒုက္ခကို ကောင်းကောင်းကြီး ယူလိုက်မှာပဲ"

ဟုဆိုပြီး သဘောကျနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်-

ပုလဲသီးက မတ်တပ်ထရပ်လိုက်ပြီး

"ငါသွားလိုက်ဦးမယ်"

"ဟ…ဘယ်သွားမလို့လဲ"

"ရူပဗေဒ ကင်တင်းမှာကွာ အိမ်ထောင်ရှင်ကျောင်းသားတစ်ယောက်နဲ့ ချိန်းထားတယ်၊ ငါ့စာတမ်းကိစ္စလေး မေးစရာရှိလို့"

"ဒါဆို ငါတို့လည်း ပျင်းနေတာနဲ့ အတော်ပဲ"

ဟုဆိုပြီး တင်မောင်နှင့်ဆန်းမင်းဝင်းမှာ ပုလဲသီးနောက်သို့ တကောက်ကောက် နဲ့ လိုက်ပါခဲ့ကြသည်။

❑

(၂၆)

အချိန်အတော်ကြာသည်အထိ ထိုအိမ်ထောင်ရှင်ကျောင်းသားမှာ ရောက်မလာသေးချေ…။

ကြာလာတော့ ပုလဲသီးနှင့်အတူ တင်မောင်နှင့် ဆန်းမင်းဝင်းလည်း ပျင်းလာ၏။ ဟိုကြည့်ဒီကြည့်လုပ်နေရင်း ကောင်တာရှိ ထူးခြားချက်များကို သတိထားမိလာသည်။

ကျောင်းသားတစ်စုက ကောင်တာကိုသွားပြီး ရယ်ရယ်မောမောမေးလိုက်၊ ကောင်တာကလည်း ရယ်ရယ်မောမောပြန်ဖြေရင်း စာရွက်လေးတစ်ရွက် ထုတ်ပြလိုက်နှင့် ထူးခြားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားများကလည်း စာရွက်ကို ကြည့်လိုက်ပြီး ခေါင်းတခါခါ၊ မျက်မှောင်တကျုတ်ကျုတ်နှင့် ကြည့်ကြပြီးနောက်-

"တယ်နောက်တာပဲ"

ဟု ရေရွတ်ကြပြီး ကင်တင်းထဲမှ ထွက်သွားကြသည်။

ဤသို့ဖြင့် ကျောင်းသားများ တစ်စုပြီးတစ်စုရောက်လာကြပြီး မေးလိုက်မြန်းလိုက်ပြန်ထွက်သွားလိုက်နှင့် ဖြစ်နေလေသည်။ ကြာလာတော့ သူတို့လည်း ကောင်တာမှအဖြစ်အပျက်ကို စိတ်ဝင်စားလာကြသည်။

တင်မောင်က ဆန်းမင်းဝင်းကို လက်တို့လိုက် ပြီး-

"ဘာဖြစ်နေကြတာလဲ"

"မသိဘူးလေ"

ပုလဲသီးလည်း ကောင်တာက အဖြစ်အပျက်ကို နည်းနည်း စိတ်ဝင်စားလာသည်။

ထို့နောက် တစ်စုံတစ်ခုကို သတိရသွားပြီး-

"ဟာ...သိပြီ"

"ဘာတုန်းဟ"

တင်မောင်က ပုလဲသီးအမူအရာကို ကြည့်ပြီး အလန့်တကြား ဝင်မေးသည်။

"မနေ့က ငါတို့ ကင်းတင်းမှာ မှတ်မိသေးလား"

"ဘာလဲ"



"လက်ကမ်းစာရွက်လာဝေတဲ့ ကျောင်းသားတွေလေ"

တင်မောင်နှင့် ဆန်းမင်းဝင်းမှာ တွေဝေသွားပြီး ပုလဲသီးပြောသည့်အကြောင်းကို မှတ်မိပုံမရချေ...။

ထို့ကြောင့် ပုလဲသီးက သူ့လွယ်အိတ်ထဲကို မွှေနှောက်လိုက်ပြီးနောက် စာရွက်လေးတစ်ရွက် ထွက်လာလေသည်။

**ရုပ်ရည်ချောမောလှပသော မိန်းကလေးတစ်ဦးအား ကောက်ရထားပါသည်။ ပိုင်ရှင်သည်ခိုင်လုံသော အထောက်အထားပြ၍ ရူပဗေဒ ကင်တင်းရှိ ကောင်တာတွင် လာရောက်စုံစမ်းနိုင်ပါသည်။**

ထိုစာကို ပြလိုက်တော့မှ တင်မောင်နှင့် ဆန်းမင်းဝင်းမှာ မှတ်မိသွားပြီး-

"အာ...အေး၊ ဒါ ရူပဗေဒ ကင်တင်းပဲ"

ဟုဆိုပြီး သေချာအောင် ဟိုကြည့်ဒီကြည့်လုပ်နေသေးသည်။

ဆန်းမင်းဝင်းက-

"ဒီလိုထိုင်နေရတာပျင်းစရာကြီးကွာ၊ ဘယ်လိုနောက်ထားလဲ သိရအောင် သွားမေးကြည့်ရအောင် အပျော်ပေါ့"

ဟုဆိုပြီး ပုလဲသီးနှင့် တင်မောင်ကို အဖော်စပ်လေသည်။

နဂိုကတည်းကမှ ထိုင်နေရတာပျင်းလာသောကြောင့် ပုလဲသီးလည်း သဘောတူလိုက်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

(၂၅)

"အစ်ကိုကြီး"

တင်မောင်က ကောင်တာမှ အစ်ကိုကြီးကို ခေါ်လိုက်သည်။ အစ်ကိုကြီးကလည်း သူတို့သုံးယောက်ကို တစ်ချက်ကြည့်လိုက်ပြီး-

"ဘာလဲ…ကောင်မလေးအကြောင်း လာစုံစမ်းတာလား"


"ဟုတ်"

တင်မောင်က သွက်သွက်လက်လက်ပြန်ဖြေသည်။

"ဒါဆို အဲဒီကောင်မလေးကပြောထားတယ်၊ သူ့ပိုင်ရှင်အစစ် အမှန်ဆိုရင် ဒီပုံလေးကို သိတယ်တဲ့"

ဟုဆိုပြီး ပုံလေးတစ်ပုံထုတ်ပြသည်။





www.burmeseclassic.com

www.burmeseclassic.com



ပုလဲသီး၊ တင်မောင်နှင့် ဆန်းမင်းဝင်းမှာ ပုံကိုကြည့်ပြီးကြောင် တောင်တောင်ဖြစ်သွားကြသည်။

"ရှေးမပုံတော့ ရှေးမပုံပဲ"

ဟု ပုလဲသီးက မှတ်ချက်ချသည်။

ဘယ်လိုအဓိပ္ပာယ်ဖြင့် နောက်ထားသလဲဆိုတာ သိချင်သော ကြောင့်

"ဘယ်လိုအဓိပ္ပာယ်နဲ့ နောက်ထားတာလဲ"

"ဒါ…နောက်ထားတာမဟုတ်ဘူး"

"ဘယ်လို"

ကောင်တာမှ အစ်ကိုကြီး၏ အတည်ပြောလိုက်သော စကား ကြောင့် ယုံရခက်မယုံရခက် ဖြစ်သွားသည်။

"ဒါဆို ကောင်မလေးကို တကယ်ကောက်ရထားတာပေါ့"

တင်မောင်ကလည်း မနောက်ရဲတော့ပဲ အတည်မေးလိုက် သည်။

ကောင်တာမှ အစ်ကိုကြီးက ခေါင်းခါလိုက်ပြီး

"ဒီပုံကို သိတဲ့လူကိုမှ ပြောရမယ်လို့မှာထားလို့ပါ"

"ဘယ်သူကလဲ"

"လက်ကမ်းဝေတဲ့ကျောင်းသားတွေကလေ သူတို့က လာလုပ်ခိုင်းထားတာ"

"ဒါဆို သူတို့နောက်ထားတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com


"ဟင့်အင်း၊ သူတို့လည်း နောက်မယ်မထင်ဘူး"

"ဘာဖြစ်လို့လဲ"

"သူတို့နဲ့အတူ မိန်းကလေးတစ်ယောက်လည်း ပါတယ်"

"ဟုတ်လား"

သူတို့ စိတ်ဝင်စားသွားသည်။

ပုလဲသီးက ပုံကိုအခေါက်ခေါက်အခါခါကြည့်ပြီး မြင်ဖူးသည်ဟုလည်း တွေးနေမိသည်။

"လူကတော့ ရောမကလူပုံပဲ အစ်ကိုကြီး"

ပုလဲသီးကကောင်တာမှ အစ်ကိုကြီးကို ပြောလိုက်သည်။

"ဟုတ်တယ်၊ ဒါပေမယ့် အောက်က အဓိပ္ပာယ်ကို သိမှရမှာ"

"အောက်ကဟာက စာတွေလား"

တင်မောင်က ဝင်မေးသည်။

"ဟုတ်တယ်"

"ဘာအဓိပ္ပာယ်တွေလဲဟ၊ အရုပ်လိုလို၊ ဘာလိုလိုတွေနဲ့"

တင်မောင်က စာရွက်ကိုဘေးစောင်းကြည့်လိုက် အတည့်ကြည့်လိုက်ထောင်ကြည့်လိုက်နှင့်လုပ်နေသည်။

"ဘာကြီးမှန်းမသိဘူး"

ဟုဆိုပြီး စာရွက်အားပုလဲသီးဘက်သို့ ထိုးပေးလိုက်သည်။ ပုလဲသီးကလည်း စူးစူးစိုက်စိုက်ကြည့်ပြီး-

"ဒီပုံတွေမြင်ဘူးသလိုပဲ"

"ဘယ်မှာမြင်ဖူးတာလဲ"

"ခဏလေး"

ပုလဲသီးက စာရွက်ပေါ်ကပုံများကို သေချာစွာထပ်ကြည့်လိုက်ပြီး-

"ဟာ...သိပြီ"

"ဘာ...အဓိပ္ပာယ်လဲ"

ပုလဲသီးက တင်မောင်နှင့်ဆန်းမင်းဝင်းကို ဂရုမစိုက်အားပဲ ကောင်တာမှ အစ်ကြီးကိုကြည့်ပြီး-

"အစ်ကိုကြီး"

"ဟေ"

"ဒီစာလုံးအဓိပ္ပာယ်ကိုသိရင် ပြောပြရမှာလား"

"အေး...မင်းကသိလို့လား"

"သိတာပေါ့၊ တိုက်တိုက်ဆိုင်ဆိုင် ရောမခေတ်ကလက်ထပ်ထိမ်းမြားခြင်းအကြောင်းတွေ ညကမှဖတ်လာတာ"

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ အဲ့ဒီအထဲမှာ ရေးထားတဲ့စာလုံးလေးက ဒီစာလုံးလေးအတိုင်းပဲ"

"အဲ့ဒါဆိုဘာလဲ"

"စာလုံးအဓိပ္ပာယ်က ရောမစာလုံး စာရေးဆရာလို့ အဓိပ္ပာယ်ရတယ်၊ စုတ်တံလေးရယ်၊ မှင်အိုးလေးရယ်၊ ပေရွက်လေးပုံစံတောင်ပါသေးတယ်၊ ဟုတ်တယ်မှတ်လား"

www.burmeseclassic.com

www.burmeseclassic.com

သူ့စကားကြောင့် တင်မောင်နှင့် ဆန်းမင်းဝင်းက ပုံကိုသေချာကြည့်၏။

"အေး…ဟုတ်တယ်ဟ"

ဟုဆိုပြီး ကောင်တာမှ အစ်ကိုကြီးဘက်လှည့်ကာ-

"ကျွန်တော်တို့ပြောတာ ဟုတ်လားအစ်ကိုကြီး"

ကောင်တာမှ အစ်ကိုကြီးကလည်း သူတို့ကို ပြန်ပြုံးပြပြီး-

"အေး၊ မှန်တယ်"

"ဒါဆိုကောင်မလေး ဘယ်မှာလဲ"

တင်မောင်က အလောတကြီးမေးသည်။

"ဟဲ…ဟဲ၊ ကောင်မလေးတော့ ငါမသိဘူး၊ ငါသိတာက ဒီအခြေမှန်ရင် သမိုင်းမေဂျာမှာ စာရေးဆရာ တက်သစ်စလေးတစ်ယောက်ရှိတယ်လေ သိတယ်မှတ်လား"

"သိတယ်လေ၊ အချစ်ဝတ္ထုတွေ ဖွဲ့ဖွဲ့နွဲ့နွဲ့ရေးတတ်ပြီး ကဗျာတွေကိုလည်း ဖင်ပူတဲ့အထိထိုင်ရေးတဲ့ ညှိုသစ်ကြီး (ဖင်ပူလာ) မှတ်လား"

"ဟုတ်တယ်၊ သူ့ဆီကို သွားရမှာတဲ့"

"ဟာ…ရှုတ်လိုက်တာ"

ဟုဆိုပြီး ပုလဲသီးနှင့် ဆန်းမင်းဝင်းက ခေါင်းကုတ်ပြီး ခုနကထိုင်ခဲ့တွင် ပြန်ဝင်ထိုင်ကာ အိမ်ထောင်ရှင်ကျောင်းသားကို ဆက်စောင့်နေလိုက်သည်။



စောင့်သာစောင့်နေရသည်။ အိမ်ထောင်ရှင် ယောက်ျားကတော့ လာမည့်ပုံမပေါ်ချေ။

တင်မောင်ကတော့ ကောင်တာတွင် စိတ်ဝင်တစားနှင့် ကျန်ခဲ့လေသည်။

"အစ်ကိုကြီး ကောင်မလေးက ချောလား"

"ဒီကိုလာတဲ့ကောင်မလေးကတော့ ချောတယ်ကွ"

"ဘာလဲ ကျွန်တော်က အဲ့ဒီကောင်မလေးကို ရှာတွေ့ရင် ကျွန်တော့်ကောင်မလေးဖြစ်ရောလား"

"အင်း…အဲ၊ ဒါတော့ ငါမသိဘူး"

ဆန်းမင်းဝင်းက တင်မောင်ကို လှမ်းကြည့်ပြီး-

"တင်မောင်လာပါကွ၊ ဘာမှလည်းမဟုတ်ပဲနဲ့"

ဟု လှမ်းအော်ပြောလိုက်၏။

တင်မောင်က မကြားချင်ယောင်ဆောင်လိုက်ပြီး-

"အဲဒီ သမိုင်းက စာရေးဆရာဆီမှာတော့ ကောင်မလေးရှိတယ်ပေါ့"

"အဲဒါလည်း၊ ငါမသိဘူး၊ သွားကြည့်ပေါ့၊ မင်းတို့က ဖြေနိုင်တာပဲ"

တင်မောင်ပုံစံကြည့်ရတာ ထိုကိစ္စကို စိတ်ဝင်စားနေပုံရသည်။ ထို့ကြောင့် ပုလဲသီးတို့ ဝိုင်းသို့ပြန်လာပြီး-

"ပုလဲသီး"

www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ"

"မင်းလူက မလာတော့ဘူးထင်တယ်"

"အေး…ဟုတ်တယ်၊ နီကိုရဲ့ပဲ လာတော့မယ်တဲ့"

"အာ…ဘာတွေပြောတာလဲ မင်းစောင့်နေတဲ့လူကို ပြော တာ"

"နောက်တာပါကွ၊ ငါတို့စောင့်တဲ့လူမလာတော့ဘူး ထင်တယ်"

"ဒါဆို ဘာမှလုပ်စရာမရှိမယ့်အတူ သမိုင်းဌာနကို သွား အောင်ကွာ"

"ဘာလဲ…ဟိုစာရေးဆရာဆီ သွား မလို့လား"

ဆန်းမင်းဝင်းက ကြားဖြတ်ဝင်ပြောသည်။

"အေး…စိတ်ဝင်စားလာလို့"

ပြောမယ့်သာပြောရတာ ထိုကိစ္စကို ဆန်းမင်းဝင်းကလည်း စိတ်ဝင်စားနေပုံရသည်။

ပုလဲသီးကို တစ်ချက်ကြည့်လိုက်၏။ ပုလဲသီးကလည်း သူတို့၏ အကြည့်ကို နားလည်လိုက်ပြီး-

"သွားချင်သွားလေ၊ မင်းတို့ပြောတာနဲ့ ငါတောင်စိတ်ဝင်စား လာပြီ"

❑

(၂၈)

စာရေးဆရာ ညိုသစ်ကြီး(ဖင်ပူလာ)ကို ကြာကြာမရှာလိုက်ရ ပါ။ သမိုင်းကင်တင်းရဲ့ ထောင့်လေးတစ်နေရာမှာ ခပ်ကုပ်ကုပ်လေး ထိုင်ပြီး တစ်နေရာသို့ ငေးနေလေ၏။

လွမ်းဆွေးကာ ဖီလင်ဝင်နေပုံရသည်။ စားပွဲနားသို့ သူတို့ သုံးယောက်ရောက်နေတာကိုလည်း သတိထားမိပုံမရချေ…။

"ဆရာညို"

"အမလေး"

လန့်သွားပုံက ကဗျာသိပ်မဆန်ပါ။

ထို့ပြင် လူပုံစံကလည်း ကဗျာဆရာ၊ စာရေးဆရာပုံစံသိပ်မ

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပဲ၊ မျက်မှန်တပ်ထားတာကလွဲ၍ သန့်သန့်ပြန့်ပြန့်နဲ့ ကုမ္ပဏီ
နေဂျာပုံစံပေါက်နေသည်။

"ဘာကိစ္စလဲ"

ဘာမှပြန်မပြောခင် သူစားပွဲမှာ သုံးယောက်သား ဝင်ထိုင်
လိုက်ကြသည်။

"ဟို…ဆရာ့ဆီမှာ ကောင်မလေးရှိတယ်ဆို"

"အန်"

မျက်မှန်လေး ပင့်ကာပင့်ကာနှင့် ဘင်မောင်ကို ကြည့်နေ
ဘာလာပြောတာပါလိမ့်ဟု ဒွိဟဖြစ်သွားပုံရသည်။

တင်မောင်နှင့် သူတို့သုံးယောက်မှ သည်း ကြောင်တော
တောင်ဖြစ်သွားပြီး-

"ဆရာ့မှာ ရှိတဲ့ကောင်မလေး…အဲ့ဒါကိုပြောတာ"

ဆရာညိုက မျက်မှောင်ကျုတ်လိုက်ပြီးနောက် ဘယ်
သဘောပေါက်သွားသည်မသိ။

"သြော်…သိပြီ"

"ဟုတ်…သိရင်ပြောပါဦးဆရာ"

မျက်မှန်ကို အရင်ချွတ်လိုက်သည်။

"ကျုပ်သူနဲ့ စတွေ့တော့ ဒီကင်တင်းမှာဗျ"

"ဟုတ်"

"အဲ့ဒီတုန်းက သူက စကတ်တိုတိုလေး ဝတ်ထားတယ်"

"ဟင်…ဟုတ်လား၊ ချောလားဆရာ"

"အာ…ချောတာမှ၊ ကျုပ်သူငယ်ချင်း မျိုးမင်းအောင်နဲ့
ဆန့်ကျင်ဘက်ပဲ"

"ဘာဆိုင်လို့လဲ ဆရာရဲ့"

"ကျုပ်သူငယ်ချင်း မျိုးမင်းအောင်က ရုပ်ကလည်း အရမ်း
ဆိုးတယ်လေ၊ မျက်နှာမှာ ဘုတွေအထစ်တွေနဲ့၊ အသားကမည်းသေး၊
ညစ်ကလည်း ညစ်ပတ်နဲ့ သူ့ရဲ့ဆန့်ကျင်ဘက်ဆိုတော့ စဉ်းစားကြည့်
ပေါ့ဗျာ"

"အဲ…ဟုတ်တော့ဟုတ်တယ်နော်ဆရာ"

သူ့ဥပမာကို အားလုံးက သဘောကျသွားသည်။

"အဲ့ဒီလိုနဲ့ မှတ်မိသေးတယ်၊ သူကင်တင်းထဲ ဝင်လာတဲ့အချိန်
မှာ ကျုပ်က ဒီစားပွဲမှာပဲ ထိုင်နေတာပေါ့"

ဝိုတော့မလိုလို ဖြစ်လာသည်။

အသံကလည်း အက်ကြောင်းနည်းနည်းပါလာ၏။

"အဲ့ဒီအချိန်မှာပဲ လေကဂူးကနဲတိုက်သွားတယ်…ဂလု"

"ဟင်…လန်…လန်သွားလို့လား ဆရာ"

"အန်…ဘာ…ဘာကိုပြောတာလဲ"

"ဆရာက ဂလုဆိုတော့၊ ကောင်မလေးရဲ့ စကတ်များလန်
သွားလို့…"

"ဟာ…ဟုတ်…ဟုတ်သေးဘူးလေ၊ တံတွေးက သူ့ကြ
သာသူ ဆင်းသွားတဲ့ဟာကို"

www.burmeseclassic.com

www.burmeseclassic.com



"ဆော…ဆောရီးဆရာ၊ ဆက်ပြောပါဦး"

ဆရာညိုမှာ ဖီးပျက်သွားပုံရ၏။

တင်မောင့်ကိုတောင် မျက်စောင်းထိုးလိုက်သေးသည်။ ပုလဲသီးနှင့် ဆန်းမင်းဝင်းကတော့ အနည်းငယ်ရယ်နေ၏။

"အဲ့ဒီမှာ လေတိုက်တော့ကွာ…ပျံ့ဝဲနေတဲ့ လေနုထဲမှာ ပါတဲ့ဖုတ်မှုန့်လေးအချို့က သူ့မျက်လုံးထဲ…"

"ဖုတ်ဆိုဝင်သွားတာပေါ့နော်"

"ဘာ…ဘာကို"

"ဖုတ်ဆို ဝင်သွားတာကို ပြောတာ"

"ဘာကြီးဝင်တာ"

"သြော်…ဆရာကလည်း၊ စကားပြောတဲ့အခါကျရင် ပြည်သံစွဲလေးပါအောင်လေ…ဖုတ်ကနဲဝင်သွားတာကိုပြောတာ"

"အာ…ခင်ဗျားဟာက ဟုတ်သေးပါဘူး…ဖုတ်ကနဲတဲ့ အမလေး…ကြက်သီးတောင်ထတယ်"

ပုလဲသီးတို့မှာ ရယ်ပြီးရင်း ရယ်နေရသည်။

တစ်ခုခုတော့ လွဲနေသည်ဟုလည်း ခံစားလာရသည်။ ဒါကြောင့် တင်မောင့်ကို သေချာရှင်းပြရန် မျက်ရိပ်ပြလိုက်ရလေသည်။

"ဒီလိုလေဆရာရဲ့ ကျွန်တော်တို့ လာရင်းကိစ္စက…"

ဟုဆို ပြီး ရူပဗေဒ၊ ကင်တင်းရှိ အဖြစ်အပျက်နှင့် ရော ပုံစာများအကြောင်း ကို ခပ်မြန်မြန်လေး ရှင်းပြလိုက်ရသည်။



နို့မို့ဆို လေတိုက်တာနဲ့ ဖုတ်ကနဲကနေ တက်တော့မှာမဟုတ်…။

"သြော်…အဲ့ဒီကိစ္စလား"

"ဟုတ်…ဟုတ်တယ်ဆရာ"

"စောစောကတည်းက ရှင်းရှင်းပြောတာမဟုတ်ဘူး၊ ငါကြိုက်တဲ့ကောင်မလေးအကြောင်းထင်လို့ ရှင်းလိုက်ရတာ…ဟူး"

ဟုဆိုပြီး လွယ်အိတ်ထဲ လက်နှိုက်လိုက်၏။

ပြီးနောက်-

"ရော့"

ဟုဆိုပြီး စာရွက်လေးတစ်ရွက်ကို သူတို့ရှေ့တိုးပေး၏။

"ဟင်…ဘာ…ဘာကြီးလဲဆရာ"

"ကဗျာလေ…ငါရေးထားတဲ့ကဗျာ…နာမည်က ကောင်မလေးတဲ့"

"ဟာ…ကျွန်တော်တို့က ချောချောလှလှ ကောင်မလေးတစ်ယောက်ရှိမယ်ထင်လို့"

"ဘယ်ကသာ ငါ့မှာ ကောင်မလေးဆိုတဲ့ ကဗျာပဲရှိတယ်"

ပုလဲသီးတို့ သုံးယောက်မှာ စာရွက်လေးကိုင်ပြီး ကြောင်တောင်တောင်ဖြစ်နေသေးသည်။

ထို့နောက်မှ ဝေါကနဲ ရယ်လိုက်ကြလေသည်။

ကြံကြံဖန်ဖန်နောက်ထားတာပဲဟု တွေးမိကြပြီး ရယ်နေမိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့နယ်…ကောင်မလေးအစစ်အောက်မေ့လို့"

"အေးလေ"

ဟုစသည်ဖြင့် တစ်ယောက်တစ်ပေါက်ပြောဆိုရင်း ကဗျာကို ဖတ်လိုက်ကြလေသည်။

ကောင်မလေးကဗျာ



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ဒါက ကဗျာကြီးလား"

တင်မောင်က တအံ့တသြနှင့် မေးလေသည်။

ဟုတ်လည်းဟုတ်သည်။ ကဗျာကြီးက ဘယ်လိုကြီးပါလိမ့် …။

ကဗျာဆရာညီသစ်ကြီး(ဖင်ပူလာ)က တဟင်းဟင်းနဲ့ အသံပြု လိုက်ပြီး သွားကြီးဖြဲကာ ပြုံးတုံ့တုံ့လုပ်နေ၏။

ငချွတ်ရေးတွေပဲဟုလည်း စိတ်ထဲတွေးနေပုံရသည်။

"မော်ဒန်လုပ်ထားတာလား"

"ဟုတ်ရယ်"

ဆန်းမင်းဝင်းအမေးကို ဖြေချင်လွန်းလို့ ဆရာညီမှာ 'ဟုတ် ရယ်'ဟုပင် ဖြစ်သွားသည်။

သူက ဆန်းမင်းဝင်းလက်ထဲမှ စာရွက်ကို ပြန်ယူလိုက်ပြီး-

"ဒီပုံကို တွေ့လား"

"အင်း…တွေ့တယ်လေ၊ ကောင်လေးနဲ့ ကောင်မလေးက ဖက်အိပ်နေတာလေ"

"ဒါက အဓိပ္ပာယ်ရှိတယ်"

"ဟုတ်လား၊ ဘယ်လိုအဓိပ္ပာယ်လဲ"

"သူတို့အိပ်နေတဲ့ပုံစံကိုကတစ်ယောက်နဲ့တစ်ယောက်ယုံကြည်မှု ရှိနေချိန်လို့ အဓိပ္ပာယ်ထွက်တယ်"

"ဟာ…ဟုတ်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့...ဒါကြောင့် ဒါကို ကျုပ်က ကဗျာတစ်ပုဒ် အနေနဲ့ယူဆထားတာ..."

စသည်ဖြင့် ရင်ထဲ၊ အလွမ်း၊ ယုံကြည်မှုတို့ဖြင့် တော်ကီပစ်နေလေသည်။

ထိုအချိန်တွင် ပုလဲသီးနှင့်အတူ တင်မောင်နဲ့ ဆန်းမင်းဝင်းမှာ တိတ်သွားလေ၏။

တစ်ခုခုကို ရိပ်မိသလိုလို စိတ်ဝင်စားသလိုလိုလည်းရှိလာသောကြောင့်ဖြစ်သည်။

ပုလဲသီးက တင်မောင်ကို ဆရာညိုအား စကားလက်စသတ်ရန်အတွက် အချက်ပြလိုက်သည်။

တင်မောင်ကလည်း ရိပ်မိလိုက်ပြီ၊ စကားကို အမြန်ဖြတ်ရ၏။ ဒါတောင် ကောင်မလေး၏ နှုတ်ခမ်းအကြောင်း မနက်ဖြန်လာနားထောင်မည်ဟု ပြောခဲ့ရသေးသည်။

လမ်းရောက်သောအခါတွင် တင်မောင်က-

"ပုလဲသီး"

"ဘာလဲ"

"ငါတို့ ဟိုမုန့်သည်ကို မှတ်မိလား"

"အေး...သိတယ်လေ"

"အဲဒီမုန့်သည်နဲ့ ကဗျာဆရာက ဆက်စပ်နေလားမသိဘူး၊ အိပ်တဲ့ဟန်အမူအရာပုံတွေ ဆင်တူကြတယ်ကွ"



"ငါလဲ ထင်လို့ စကားစဖြတ်နိုင်းတာပေါ့"

"ဒါအကြောင်းမဲ့သက်သက်တော့ မဖြစ်နိုင်ဘူး" ဆန်းမင်းဝင်းကလည်း သူထင်ရာဝင်ပြောသည်။

"မင်းကဘယ်လိုထင်လို့လဲ"

"ငါကတော့ ပုလဲသီး ဖူးစာနဲ့ပတ်သက်မယ်ထင်တယ်"

"ဟင်...ဘာဆိုင်လို့လဲ"

"အဲ့ဒီကောင်မလေးကိုယ်တိုင်ကရော မင်းနဲ့ဖူးစာမပါပါအောင်လုပ်နေတာရောမဖြစ်နိုင်ဘူးလား"

"ကဲ...မင်းပြောသလိုပဲ လုပ်နေတယ်ထားပါတော့၊ အဲ့ဒီမုန့်သည်တွေ စာရေးဆရာတွေက ငါ့ဖူးစာအတွက် ဘယ်လိုအသုံးဝင်လာမှာမို့လို့လဲ"

ထိုသို့ မေးလိုက်သောကြောင့် တင်မောင်နှင့်ဆန်းမင်းဝင်းမှာ တွေဝေသွားသည်။ ဟုတ်တော့လည်း ဟုတ်သည်။ ပုလဲသီး ထင်ချင်လည်းထင်စရာ သူတို့က သူ့ဖူးစာအတွက်မည်သို့ အသုံးဝင်လာမည်နည်း။

တင်မောင်က-

"ပုလဲသီး"

"ဘာလဲ"

"သူကမင်းဆီကို လာစေချင်လို့များ ဆက်စပ်ပြီး Message ပေးနေလားမှမသိတာ...အခုတော့ သူတို့နဲ့ ဘယ်လိုဆက်စပ်

www.burmeseclassic.com


တယ်မသိဘူး၊ ဒါပေမယ့် မင်းက တစ်ပတ်အတွင်းမှာ မဖြစ်မနေ ဖူးစာရှင်နဲ့အိမ်ထောင်ကျမယ်လို့ဆိုထားတော့ အခုတလော ထူးခြား တိုက်ဆိုင်မှုတွေကလည်း လက်ထပ်တာတို့၊ ကောင်မလေးတို့ ပါနေတော့ မင်းဖူးစာအတွက် နိမိတ်တွေဖြစ်နေနိုင်တာပဲ''

လက်ခံနိုင်စရာကောင်းသည့် အဖြေဖြစ်သည်။

''ဒါနဲ့ ငါတို့ အဲ့ဒီမုန့်သည်ကြီးဆီမှာ တစ်ခုလောက်မေးကြည့် လို့ရမယ်ထင်တယ်''

''ဘာကိုလဲ''

''ဒီကောင်မလေး ကဗျာကို သိလား၊ သူတို့ပုစ္ဆာဥာဏ်စမ်း တွေကို ကိုယ်တိုင်လုပ်တာလားဘာလား၊ စုံစမ်းကြည့်ရမှာပေါ့''

ထိုအကြံကို ပုလဲသီးက သဘောကျသွားသည်။

''ဒီည အဲ့ဒီကောင်မလေး မုန့်ဆက်ဦးမှာလား''

ဆန်းမင်းဝင်းရဲ့မေးခွန်းဖြစ်သည်။

''ဆက်မယ်ထင်တယ်''

''ဆက်ရင် မင်းမေးကြည့်ထားပါလား၊ ဒါတွေက သူဆင် ထားတဲ့ဂွင်တွေဆိုရင် မင်းသိရအောင်လို့ပါ''

''ငါကိုတော့ ပြောပြမယ်မထင်ဘူးကွ''

''အစ်အောက်ကြည့်ပေါ့ကွာ''

တင်မောင့်စကားက လက်ခံချင်စရာကောင်းသောကြောင့် သဘောတူခေါင်းညိမ့်လိုက်သည်။

❑

(၂၉)

''အဲ့ဒါ ကျွန်မနဲ့ မဆိုင်ဘူးနော်…ကျွန်မဘာမှ မလုပ်ထား ဘူး''

တဖက်မှလည်း သူ့စကားကို အသည်းအသန်ငြင်းလေသည်။

သူတို့ထင်သည့်အတိုင်းပင် ညဖက်တွင် သူ့ဖူးစာရှင်က မုန့် ဆက်သောကြောင့် ညနေက အကြောင်းကို ပြန်ပြောပြလိုက်ခြင်း ဖြစ်သည်။

ထိုအခါ သူမက ငြင်းလေသည်။

''ဟုတ်လို့လားဗျ''

''ဘာလဲ…ရှင်က မယုံလို့လား၊ ကျွန်မက ကိုနိုပြရဲ့တယ် ဖူးစာရှင်ဆိုတာ ဘာမှမကြိုးစားပဲနဲ့ သူ့အလိုလိုဖြစ်လာတာရှင့်''

www.burmeseclassic.com

www.burmeseclassic.com



တဖက်ကတော့ သူ့ယုံကြည်ချက်အတိုင်း ဆက်ပြောနေလေသည်။

"ဒါဆို ခင်ဗျားက ဘာမှမလုပ်ထားဘူးပေါ့"

"ဟုတ်တယ်"

"ဒါဆို ဒီနေ့ဟာတွေက တိုက်ဆိုင်တာတွေပေါ့"

"အဲဒါတော့ မသိဘူး၊ ဒါပေမယ့် ကျွန်မတို့ဖူးစာအတွက် ကံကြမ္မာက လမ်းတစ်ခု ခင်းပေးတာဖြစ်နိုင်ပါတယ်"

"ခင်းပေးတဲ့ လမ်းကိုမလျှောက်ရင်ရော"

"ဘယ်လိုပဲဖြစ်ဖြစ် ရှင်နဲ့ကျွန်မနဲ့က ဒီတစ်ပတ်အတွင်း ဖူးစာဆုံတော့မှာပါ"

ယုံကြည်မှု လွန်ကဲနေသည်ဟု မဆိုသာသော်လည်း တစ်ဖက်ကတော့ အသေအချာကြီးဟု ပြောနေလေသည်။

"မင်းကတော့ ငါ့ကို လာတောင်းပန်ရတော့မယ်နဲ့တူတယ်"

ထိုစကားကြောင့် တဖက်မှ ရယ်သံကို ကြားလိုက်ရသည်။

"အဖြေကိုသိဖို့အတွက် ရက်အနည်းငယ်လိုပါသေးတယ်ရှင်"

"အင်းလေ၊ ဟုတ်ပါတယ်၊ အဲ့ဒီရက်ကျမှ ဟုတ်မဟုတ်သိရမှာပေါ့"

"ဘာပဲပြောပြော၊ ကျွန်မကတော့ ဒီနေ့ရှင်ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ကို စိတ်ဝင်စားသွားပြီ အဲ့ဒီဈေးသည်ကြီးက ဘယ်သူလဲဆိုတာကို စုံစမ်းကြည့်ဦးမယ်"



"ဒါကတော့ ခင်ဗျားစီစဉ်ထားတာ မဟုတ်ရင်စုံစမ်းကြည့်ပေါ့ဗျာ"

"ရော်…မဟုတ်ပါဘူးလို့ဆိုနေ"

"ဒါဆိုလည်း ပြီးတာပါပဲ၊ ခင်ဗျား လုပ်ချင်တာလုပ်ပေါ့"

တစ်ဖက်မှ ဘာမှမပြောပဲ ငြိမ်သက်သွားသည်။

ထို့နောက် လေသံတိုးတိုးလေးဖြင့် -

"ရှင့်ကို ကျွန်မတစ်ခုမေးချင်တယ်"

"မေးလေ"

"ရှင်နဲ့ကျွန်မ ဖူးစာမပါခင် ကျွန်မကို မတွေ့ဖူးချင်ဘူးလား"

"ဟင်"

အမေးရှိသော်လည်း သူ့မှာဖြေဖို့ စွံ့အနေသည်။

ခဏကြာမှ သူက တစ်ခွန်းချင်းစီ ပြန်ဖြေလိုက်သည်။

"မတွေ့ချင်ပါဘူးဗျာ"

"ဘာဖြစ်လို့လဲ"

"ဖူးစာပါရိုးသာ တကယ်မှန်ရင် အဲ့ဒီဖူးစာပါတဲ့အချိန်ကျမှ တွေ့တော့ပါမယ်"

"ကျွန်မက ရုပ်ဆိုးပြီး မလှရင်ရော"

သူနည်းနည်းရယ်ချင်သွားသည်။

တစ်ဖက်မှ စိုးရိမ်နေပုံလည်းရသည်။

"မေ့နေပြီထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

"ဖူးစာမှာ ရုပ်ဆိုးတာတွေ၊ ချောတာတွေမရှိဘူးလေ"

"အို"

❑

(၁၀)

ဒီနေ့ကျောင်းမသွားပဲ အိမ်မှာနေလိုက်သည်။ ကျောင်းသွားချင် ဖူးစာပါမည့် အဖြစ်အပျက်များနှင့် တိုးမိမှာစိုးသောကြောင့်ဖြစ်သည်။

ဖူးစာကို မယုံကြည်သော်လည်း စိတ်ထဲမှာတော့ မသိုးမသန့်ဖြစ်နေမိသည်။

ဒီ့ပြဿနာ ဖြစ်နေလေသည်။ သူတို့ဒေသရဲ့ ဓလေ့တစ်ခုဆိုတော့လည်း အရမ်းကြီးမယုံမကြည်မဖြစ်ရဲချေ…။

ထို့ကြောင့် ဒီနေ့တော့ အိမ်မှာပဲနေကာ စာဖတ်လိုက်၊ အခွေကြည့်လိုက်နှင့် မပြီးပြတ်သေးသော စာတမ်းကိုလည်း ဆက်ရေးနေလိုက်သည်။

ညနေရောက်တော့ ဓာတ်မင်းသားတွေက ဖုန်းဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ပုလဲသီး မင်းဘာဖြစ်လို့ ကျောင်းမလာတာလဲ"

"ဖူးစာကို ရှောင်နေတာလေ"

"အာ…မင်းကလည်း မဟုတ်သေးပါဘူး"

"ဘာမဟုတ်ရမှာလဲ"

"ငါတို့ ဒီနေ့ဈေးသည်ကြီးဆီကို သွားပြီး စာရေးဆရာ့ပုံကိုပြလိုက်တယ်"

"အဲဒီတော့ ဘာပြောလဲ"

"ဒီပုံတွေက သူ့လိုပဲ မေးခွန်းပုစ္ဆာအဖွဲ့ကပေးတာ ဖြစ်မှာပေါ့တဲ့"

"ဘာတုန်းဟ…မေးခွန်းပုစ္ဆာအဖွဲ့ရဲ့ က"

ထူးဆန်းတဲ့နာမည်ဖြစ်နေသောကြောင့် ပုလဲသီးမှာ စိတ်ဝင်စားသွားသည်။

ထို့ကြောင့်ဖုန်းခွက်ကို သေချာကိုင်ပြီး ကုတင်ပေါ်ကို ပစ်ထိုင်လိုက်သည်။

"ငါတို့ကျောင်းမှာ ခုတလော ခပ်ဆန်းဆန်းအဖွဲ့တစ်ခု ပေါ်နေတယ်၊ သူတို့အဖွဲ့က ကျောင်းသား၊ ကျောင်းသူတွေပျော်အောင်လို့ သူတို့နည်းသူတို့ဟန်နဲ့ လုပ်ကြတယ်၊ ဆန်းသစ်ကြတယ်၊ပြောရရင် ကျောင်းရဲ့ Entertainment အဖွဲ့ပေါ့ကွာ"

"ငါလည်းမကြားမိပါလား"

"မင်းက ဘယ်ကြားမိမလဲ၊ အခုတလော ကောင်မလေးတစ်ခုနဲ့ မင်းကရှုပ်နေတာကိုး"

"ထားလိုက်ပါတော့၊ ဆက်ပြောပါဦး"

"ဈေးသည်ကြီးက ကျောင်းမှာ ဈေးရောင်းမယ်လုပ်တော့ အဲဒီအဖွဲ့က ဦးလေးကြီး ဒီလိုဈေးရောင်းကြည့်ပါလား၊ ပုစ္ဆာတွေ တော့မပူနဲ့ သူတို့နေ့တိုင်းပေးမယ်ဆိုပြီး သူ့ကို အကြံဉာဏ်ပေးသွားတာတဲ့"

"ဩော်၊ ဒါဆို ငါ့ဖူးစာနဲ့မဆိုင်ဘူးပေါ့"

"နေဦး"

"ဟာ…ဘာဖြစ်လို့လဲ"

"ငါတို့မတိုင်ခင် ကောင်မလေးတစ်ယောက်ကလည်း ဦးလေးကြီးဆီမှာ အဲ့ဒီအကြောင်းလာစုံစမ်းတယ်တဲ့"

"ဟုတ်လား၊ ဘယ်သူလဲ"

"အဲဒီဦးလေးကြီး ပြောပြချက်အရဆိုရင် မင်းဖူးစာလေး ချိုမိုးမြင့် ဖြစ်မှာပေါ့"

ဖြစ်တော့ဖြစ်နိုင်သည်။

မနေ့တုန်းက သူလည်းစုံစမ်းဦးမည်ဟု ပြောသွားတာကို မှတ်ရလိုက်သည်။

"ဒါဆို ဒါတွေက ငါ့ဖူးစာအတွက် သူစီစဉ်ထားတာမဟုတ်ဘူးပေါ့"

"အင်း…အဲ့ဒီလိုပဲယူရမှာပေါ့၊ နောက်ပြီး…ဒီနေ့ကျောင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားတဲ့အဖြစ်အပျက်တွေ ဖြစ်သေးတယ်"

"ဘာတွေလဲဟ"

သူကျောင်းမတက်သည့်နေ့မှာပဲ အဆော်လေးဖြစ်ပျက်သွားခဲ့သည်။

"ခုနက ငါတို့ပြောတဲ့ အဖွဲ့လေမင်းမှတ်မိလား"

"အေး…မှတ်မိတယ်လေ၊ ဘာဖြစ်လို့လဲ"

"သူတို့က ဒီနေ့ မေဂျာတိုင်းမှာ ကစားနည်းတစ်ခုကို ဖြေလုပ်ကြတယ်"

"မေဂျာတိုင်းမှာ ဟုတ်လား"

"အင်း…ဟုတ်တယ်"

"ဘာကစားနည်းမို့လို့လဲ"

"ဖူးစာကစားနည်းတဲ့"

"ဘာ"

❑

(၃၀)

"ဟာ…ဖြေးဖြေးဆော်ပါဟ၊ နားအူသွားတာပဲ"

"အံ့သြသွားလို့ပါကွ"

"အေး…မင်းလိုပဲ ငါတို့လည်း ဒီအချိန်မှ ဒီကစားနည်းက ပေါ်လာရတယ်ဆိုပြီး အံ့သြသွားတာပေါ့၊ ဒါနဲ့ ငါတို့လည်း မင်းဖူးစာရှင်ကောင်မလေးများ လုပ်တာလားဆိုပြီး ထင်သွားတယ်"

"အဲဒီတော့"

"စုံစမ်းကြည့်တော့ မဟုတ်ဘူးကွ"

"ဘာကြောင့် အဲ့ဒီလို ထင်ရတာလဲ"

"သူလည်း ငါတို့လိုပဲ အဲ့ဒါကို လိုက်စုံစမ်းနေတာ တွေ့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com


"ဘာ"

ပုလဲသီးမှာ ပို၍ခေါင်းရှုတ်သွားလေသည်။

"နောက်ပြီး မင်းကသူနဲ့တကယ်ဖူးစာပါမယ်ထင်တယ်"

"ဟင်...ဘာ..ဘာဖြစ်လို့လဲ"

"အဲဒီနေ့ကပဲ ပေါ်ပေါက်တဲ့ဖူးစာကစားနည်းကို သူဝင်ကစားတယ် စမ်းသပ်ကြည့်တဲ့အနေနဲ့ ဖြစ်လိမ့်မယ်"

"မင်းတို့က သူ့ကို လိုက်ကြည့်နေတာလား"

"ကြည့်နေရတာပေါ့၊ မင်းမှမလာတာ"

ပုလဲသီးမှာ ပို၍စိတ်ဝင်စားလာသည်။

"အင်း...ကစားတော့ ဘာဖြစ်လဲ၊ ပြောပါဦး"


"ကစားနည်းကို အရင်ရှင်းပြမယ်"

"အေး...ရှင်းစမ်းပါဦး"

**ဖူးစာကစားနည်း**

မေဂျာတစ်ခုချင်းစီရှေ့တွင် ဆိုင်းဘုတ်ကြီး(၂)ခု ထောင်ထားလေသည်။ ဆိုင်းဘုတ်များအား ဗိတ်စများနှင့်ဖုံးအုပ်ထားသည်။

ထို့နောက် ဘေးဘက်တွင်လည်း ရိုးရိုးဇယ်တောက်ခုံတစ်ခု ချထားလေသည်။



ဖူးစာ (ကျား)　　ဖူးစာ (မ)

ပထမဆိုင်းဘုတ်အောက်တွင် ဖူးစာ(ကျား)ဟုရေးထားပြီး၊ ဒုတိယအောက်တွင် ဖူးစာ(မ)ဟုရေးထားလေသည်။

ကစားနည်းပြလုပ်သူက-

"မေဂျာတိုင်းမှာ ဒီလိုအုပ်ထားတဲ့ဆိုင်းဘုတ် (၂) ခုစီရှိပါတယ်၊ အုပ်ထားတဲ့အောက်မှာ ဂဏန်းကွက်များပါတဲ့ ဘုတ်ကြီးတစ်ခုရှိပါတယ်"

"ဒါဆို ကျွန်တော်တို့က ဘယ်လိုကစားရမှာလဲ"

သိပ်ကစားချင်နေပုံရသည့် ကျောင်းသားတစ်ယောက်က ဝင်မေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ညီလေးက ဒီမေရှာက ကောင်မလေးကို ကြိုက်တယ်ဆိုရင် ဖယ်ခုံက ဖယ်စိလေးတွေကို ကစားပွဲစဖို့အတွက် အစ်ကိုတို့က အလယ်မှာ တည်ပေးပါမယ်၊ အဲ့ဒီနောက် ဒီမေရှာက ကိုယ်ချစ်တဲ့ ကောင်မလေးကို စိတ်ထဲမှာ ရည်စူးပြီး ညီလေးက ဖယ်ခုံကို စတောက်ရပါမယ်၊ အဲ့ဒီအခါ ဖယ်စိတွေဟာ အပေါက်ထဲကို ပြေးပြီး ဝင်သွားတဲ့ ဖယ်စိရှိသလို၊ မဝင်တဲ့ ဖယ်စိရှိပါမယ်၊ မဝင်ရင်တော့ ညီလေးက ဒီမေရှာက ကောင်မလေးနဲ့ ဖူးစာပါနိုင်တဲ့ အခွင့်အရေး မရှိပါဘူး"

"ဝင်ခဲ့ရင်ရော"

"ဝင်ခဲ့ရင်တော့ ဝင်တဲ့ဖယ်စိဂဏန်းလေးကို ကြည့်ရပါမယ်၊ ဖယ်စိတစ်ခုတည်းဝင်ရင်တော့...ဖယ်စိပေါ်မှာ ရှိတဲ့ဂဏန်းကို ယူပါတယ်၊ နှစ်ခုသုံးခုတန်းဝင်သွားရင်တော့ နှစ်ခုသုံးခုပေါ်က ဂဏန်းတွေကို ပေါင်းရပါမယ်၊ ရလာတဲ့ ဂဏန်း...ဥပမာ ၁၂ ဆိုပါတော့၊ ညီလေးက ယောကျ်ားလေးဖြစ်တဲ့အတွက် ဖူးစာ(မ) ဆိုင်းဘုတ်ကို ဖွင့်ပြီး အကွက်နံပါတ် (၁၂)ဆိုတဲ့ ဂဏန်းအောက်ကို ကြည့်ပါမယ်"

"ဘာတွေ့ရလဲ"

"ဒီမေရှာက ကောင်မလေးတစ်ယောက်ရဲ့ နာမည်ကို တွေ့ရင်တွေ့၊ မတွေ့ရင် ဘာမှမတွေ့ရပါဘူး၊ ကောင်မလေးနာမည် တွေ့ရင်တော့ အဲ့ဒီကောင်မလေးရဲ့ဖူးစာရှင်ပေါ့၊ ဘာမှမတွေ့ရရင်တော့ ဘယ်သူနဲ့မှ ဖူးစာမပါဘူးပေါ့"

ဟု စိတ်ရှည်လက်ရှည်ရှင်းပြလေ၏။

❑

## (၃၂)

"အပျော်လုပ်တာထင်တယ်"

ဟု ပုလဲသီးက တင်မောင့်စကားကို ဖြတ်ပြောလိုက်သည်။

"အပျော်ကတော့ အားလုံးသိပါတယ်၊ ဘယ်သူမှလည်း အတည်မယူကြပါဘူး၊ ဝင်ကစားတဲ့လူတွေကလည်း အပျော်သဘောနဲ့ ဝင်ကစားကြတာပါ"

"မေရှာတိုင်းမှာ လုပ်တာပေါ့"

"ဟုတ်တယ်၊ ငါတောင်ဝင်ကစားလိုက်သေးတယ်"

"မင်းက ဘယ်မေရှာက ကောင်မလေးကို ကြိုက်လို့ဝင်ကစားတာလဲ"

"အာ...မင်းကလည်း ငါတို့မေရှာက တစ်ယောက်ယောက်နဲ့များ ဖူးစာရှိလားဆိုပြီး ဝင်ကစားတာပါ"

www.burmeseclassic.com

www.burmeseclassic.com

"အဲ့ဒီတော့ ဘာနံပါတ်ကျလဲ"

"ဖယ်ခုံကို စတောက်လိုက်ကတည်းက ဖယ်စိတစ်စိမှ မဝင်ဘူး ကွာ"

"ဟာ…မင်းက လက်မှမတည့်ပဲ"

ဟု ပြောရင်း ပုလဲသီးက ရယ်နေလိုက်သည်။

"အေး…အခုတော့ မင်းရယ်ပါ၊ ငါနောက်ပြောမယ့်စကားကို ကြားပြီး ဒိုဒိုရယ်ရယ်မလုပ်နဲ့"

တင်မောင့်စကားကြောင့် ပုလဲသီးလဲ စိတ်ဝင်စားသွားပြီး-

"ဘာများလဲ"

ဟုမေးလိုက်လေသည်။

"မင်းရဲ့ဖူးစာကောင်မလေးက ငါတို့မေဂျာမှာ ဖူးစာဖယ်ဝင်တောက်တယ်ကွ"

"ဟင်"

ဖုန်းခွက်ကို တင်းတင်းကျပ်ကျပ်ကိုင်လိုက်သည်။

"အဲ…အဲဒီတော့…"

"သူ စစတောက်ချင်းမှာပဲ ဖယ်စိသုံးစိဝင်သွားတယ်"

အားလုံးပေါင်းကြည့်လိုက်တော့(၁၈) ရတယ်၊ ဒီတော့ သူကမိန်းကလေးဖြစ်တော့ ဖူးစာ(ကျား)က နံပါတ်(၁၈)ကို ကြည့်ရတာပေါ့"

"ဘာ…ဘာတွေ့ရလဲ"



"အဲဒီနံပါတ်(၁၈)ရဲ့အောက်မှာ မင်းနာမည်ကို တွေ့ရတယ် ပုလဲသီး"

"ဟာ"

အယောင်ယောင်အမှားမှားနှင့် ဖုန်းခွက်ပြုတ်ကျသွား၍ ပြန်ကောက်ကိုင်လိုက်ရသည်။

"ဟုတ်ရောဟုတ်လို့လားကွာ"

"အာ…ငါနဲ့ဆန်းမင်းဝင်းနဲ့ နှစ်ယောက်လုံး ကြည့်နေတာကွ၊ အဲ့ဒီကောင်မလေးလဲ နံပါတ်(၁၈)အောက်က မင်းနာမည်ကို ကြည့်ပြီး ကြက်သေသေနေတယ်၊ ငါတို့တောင် အံ့ဩပါတယ်ဆိုနေမှ"

"သေချာလို့လားကွာ၊ သူများ ငါတို့ကို လှည့်စား…"

"မဖြစ်နိုင်တာ၊ အဲ့ဒီလောက်ကြီးမတိုက်ဆိုင်နိုင်ပါဘူး အဲ့ဒါကြောင့် မင်းနဲ့သူနဲ့ ဖူးစာပါမယ်ထင်တယ် ပုလဲသီးလို့ ငါတို့ ပြောတာပေါ့"

"ဟူး"

ဘယ်နှစ်ခါချမိမှန်းမသိသော သက်ပြင်းကို အထပ်ထပ်အခါခါချမိသည်။

"အေးလေ…ဘာပဲဖြစ်ဖြစ် ကျောင်းရောက်တော့မှပဲ ထပ်တိုင်ပင်ကြတာပေါ့၊ မင်းမနက်ဖြန်ကျောင်းလာဦးမှာလား"

www.burmeseclassic.com

www.burmeseclassic.com



"လာမယ်၊ ငါ့စာတမ်းက ပြီးသွားပြီဆိုတော့ ပါမောက္ခဆီ အပ်ရဦးမှာမို့လို့"

"ဒါဆိုလည်း မနက်ဖြန်ကျမှတွေ့ကြတာပေါ့"

ခဏကြာသောအခါတွင် လက်ထဲကဖုန်းကို ချလိုက်သည်။

ထို့နောက် စားပွဲပေါ်တင်ထားသည့် ပြက္ခဒိန်လေးကို ကြည့်လိုက်သည်။ ထိုသမားစကားနှင့်ပြောရမည်ဆိုလျှင်

ထိုကောင်မလေးနှင့်ဖူးစာပါရန်(၃)ရက်သာလိုတော့သည်။

❑

(၁၃)

"တီ...တီ...တီ"

ခဏအကြာတွင် ဖုန်းထပ်ဝင်လာပြန်သည်။

"ဟယ်လို"

"ကျွန်မပါ"

"ဩော်... အင်း...ပြောလေ"

သူ့ရဲ့ဖူးစာရှင်ဖြစ်သည်။

ယခုအကြိမ်တွင် သူမ၏အသံသည် အရင်အကြိမ်များထက် ပိုပြီးတက်ကြွကာ ယုံကြည်မှုလည်း အပြည့်ရှိနေပုံရသည်။

တင်မောင်တို့ပြောသွားသည့် အကြောင်းအရာကိုပဲ သူမက သူမအမြင်နှင့် ပြန်ပြောပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှားနေပုံရပြီး ခဏခဏစကားများကာ ထပ်ကာထပ်ကာ ပြန်ပြောနေလေ၏။

"နံပါတ်ကို ကြည့်လိုက်ချိန်မှာ ကျွန်မစိတ်ထဲဘယ်လိုဖြစ်သွားမှန်းကို မသိဘူး၊ ကစားလိုက်တုန်းက ဘာရယ်မဟုတ်ဘဲ ကစားလိုက်တာ၊ နောက်တော့မှ ရှင့်နာမည်ကြီးထွက်လာတော့ မှင်သက်မိသွား တယ်၊ မယုံနိုင်လောက်အောင် တိုင်ဆိုင်မှုကြောင့် အံ့ဩသွားပြီး ကျွန်မ ကံကြမ္မာဖူးစာကိုလည်း ယုံလာတယ်"

တစ်ဖက်မှစိတ်အားထက်သန်စွာ ပြောဆိုမှုများကြောင့် သူလည်းဘာမှ ပြန်မပြောပဲ ငြိမ်သက်နေမိသည်။

တိုက်ဆိုင်မှုကြောင့်ပဲလား၊ ဒါမှမဟုတ် တကယ်ပဲ ဖူးစာပါတော့မည့် အရိပ်အယောင်တွေပဲလားဆိုတာတော့ သေချာမသိသေးပေ။

သို့သော် ယခုအချိန်တွင် သူလည်း သူ့ဖူးစာကို နည်းနည်းတော့ သံသယဖြစ်လာသည်။

ကောင်မလေးက တစ်ရက်နှစ်ရက်အတွင်း တွေ့မည်ဟု ပြောကာ ဖုန်းချသွားလေ၏။

သူတစ်ယောက်တည်း ငူငူငိုင်ငိုင်နှင့် ကျန်ခဲ့လေသည်။

❑

(၁၄)

"ဆရာကြီးရှိလား"

ရုံးခန်းအဝင်အဝရှိ စာရေးမကို အရင်မေးလိုက်သည်။

"ရှိတယ် အထဲမှာ"

ဟုဆိုလိုက်မှ ပုလဲသီးသည် ဆရာကြီးရုံးခန်းတံခါးကို ဖွင့်ဝင်လိုက်သည်။

"ပုလဲသီးပါလား"

"ဟုတ်ကဲ့...ဆရာကြီး၊ စာတမ်းပြီးလို့ လာပေးတာပါ၊ ဆရာကြီးစစ်ကြည့်ပြီး ပြုပြင်စရာရှိတာ ပြုပြင်ရအောင်လို့ပါ"

"ဪ...အေး"

ပုလဲသီးက လွယ်အိတ်ထဲမှ စာအုပ်အထူကြီးတစ်အုပ်အား ထုတ်ပြီး ဆရာကြီးကို လှမ်းပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက တစ်ရွက်နှစ်ရွက်လှန်ကြည့်လိုက်ပြီး၊

“ငါ...အေးအေးဆေးဆေးစစ်ကြည့်လိုက်မယ်လေ”

“ဟုတ်ကဲ့ပါဆရာကြီး”

ဟုဆိုလိုက်ပြီး ပြန်ရန်အတွက် ထလိုက်လေသည်။

“နေပါဦး၊ မင်းကို မေးစရာရှိသေးတယ်”

“ဗျာ...ဘာမေးမလို့လဲဆရာကြီး”

“မင်းနဲ့ဟိုလေကွာ...ပါဆယ်ပို့တဲ့ ကောင်မလေးအခြေအနေက ဘယ်လိုလဲ”

ဆရာကြီးက သူ့အကြောင်းကို အတော်လေးစိတ်ဝင်စားနေပုံရသည်။

ဆရာကြီးကမေးတော့ သူကလည်း ပြန်ဖြေရသည်။

ဆရာကြီးနဲ့တွေ့ပြီး နောက်ပိုင်းကိစ္စများကို အသေးစိတ်ပြောပြလိုက်ရသည်။

ကင်တင်းထဲက အဖြစ်အပျက်၊ သူနှင့်ဖုန်းပြောပုံ၊ ကစားပွဲ စသည့် တစ်ခုမကျန်အောင် ပြောပြလိုက်သည်။

ဆရာကြီးက အနည်းငယ်အံ့သြသော မျက်နှာနှင့်နားထောင်နေပြီး တစ်ချက်တစ်ချက် သဘောကျသလိုလိုဖြင့် ခေါင်းညိမ့်လေ၏။

သူစကားဆုံးသောအခါတွင် ဆရာကြီးက

“ပုလဲသီး”

“ဗျာ...ဆရာကြီး”

“မင်းက...သူနဲ့ ဖူးစာပါပြီး ညားမယ်လို့ထင်လား”

ဆရာကြီးကို တွေဝေပြီးစိုက်ကြည့်နေမိသည်။

ခဏကြာသည်အထိ ဘာပြောရမှန်းမသိသောကြောင့် ငြိမ်သက်နေမိသည်။

“ပြောပါကွ၊ မင်းစိတ်ထဲရှိတဲ့အတိုင်းပြောပါ”

“တစ်ခုပြောချင်တယ်ဆရာကြီး”

“အေး...ပြောလေ”

“သူနဲ့ ကျွန်တော်နဲ့ ဖူးစာပါမယ့်နေ့မှာ ကျွန်တော်က အပြင်မထွက်ဘဲ အိမ်မှာပဲနေမယ်ဆိုရင် ဘယ်လိုလုပ်ပြီး ဖူးစာပါနိုင်တော့မလဲ”

သူ့စကားကြောင့် ဆရာကြီးမှာ ခေါင်းတဆတ်ဆတ်ငြိမ့်လိုက်ရင်း-

“အင်းလေ၊ မောင်ပုလဲသီးပြောတာလည်း ဖြစ်နိုင်ပါတယ်၊ အဲဒီနေ့ကိုပဲ စောင့်ကြည့်နေရမှာပေါ့”

“ဟုတ်တယ်ဆရာကြီး ကျွန်တော်လည်း အဲ့ဒါကိုပဲ ရင်ခုန်နေတာ”

“ဒါနဲ့၊ အဲ့ဒီနေ့ကဘယ်နေ့လဲ”

“သဘက်ခါပါ ဆရာကြီး”

❑

www.burmeseclassic.com

www.burmeseclassic.com

ရင်ခုန်လိုက်တာ

ဖူးစာဆိုတာ

ဘယ်နှယ်ဟာကြီးပါလိမ့်

www.burmeseclassic.com

www.burmeseclassic.com

## (၃၅)

မနက်ဖြန်ကို တွေးမိပြီး ဒီနေ့မှာ ဘာလုပ်လုပ် အလွဲလွဲအချော်ချော်ဖြစ်နေသည်။

ကျောင်းမသွားပဲ အိမ်တွင်းအောင်းနေမှုကြောင့် တင်မောင်နှင့်သန့်မင်းဝင်းကလည်း ဖုန်းတဂွမ်ဂွမ်ဆက်ပြီး လှမ်းမေးသည်။

"ဟေ့ကောင်···မနက်ဖြန်၊ မနက်ဖြန်"

သူတို့လည်း သူ့အစားရင်ခုန်နေပုံရသည်။

"အေးပါကွ၊ ငါသိပါတယ်၊ ဒါ့ကြောင့် ငါမလာတာ"

"ဟုတ်ပါပြီ၊ ဒီတစ်ခေါက်တော့ မင်းကျောင်းမလာတာကို ငါတို့ခွင့်လွှတ်လိုက်မယ်၊ ဒြော်···ဒါနဲ့ မင်းကို ပြောရဦးမယ်"

"ဘာလဲ"

"မင်းကို မပူတူတူကြီး လိုက်ရှာနေတယ်"

"ကျောင်းသားရေးရာက အမကြီးကို ပြောတာလား"

www.burmeseclassic.com

www.burmeseclassic.com



“အေးလေ၊ ဘယ်သူရှိလို့လဲ၊ သူပဲရှိတာပေါ့”

“သူက ဘာ့ကြောင့် ငါ့လိုက်ရှာနေတာလဲ”

“အဲ့ဒါတော့ မသိဘူး၊ ငါတို့က မင်းဒီနေ့ကျောင်းမလာဘူး စကားပြောစရာရှိရင် ဖုန်းဆက်လိုက်ပါလားလို့ပြောလိုက်တယ်၊ အဲ့ဒါနဲ့ ခုနကတင်ပြန်သွားတာ၊ ခဏနေရင် မင်းဆီဖုန်းဆက်နေရင် ဆက်နေဦးမှာ”

“အေးပါ၊ ငါပြောလိုက်ပါမယ်”

“မင်း...မနက်ဖြန်လဲ အိမ်ထဲမှာပဲ နေဦးမှာပေါ့”

“ဒါပေါ့၊ ဒါက ငါ့အတွက် အကောင်းဆုံးဖူးစာရှောင်နည်းလေကွာ”

ထိုသို့ ဟိုပြော ဒီပြောနှင့် ဖုန်းချလိုက်ကြသည်။

ခဏကြာသောအခါတွင် တင်မောင်ပြောသွားသည့်အတိုင်းပင် မပူတူတူကြီး ဖုန်းဝင်လာ၏။

“ဟယ်လို”

“ပုလဲသီးလား”

“ဟုတ်ကဲ့အမ...ပြောပါ”

“ဟယ်...ငါက နင့်ကို လိုက်ရှာနေတာ”

“ဟင်...ဘာလုပ်မလို့လဲ”

တစ်ဖက်မှ မပူတူတူကြီးလေသံမှာ စိတ်လှုပ်ရှားနေပြီး အလောတကြီး ဖြစ်နေပုံရသည်။



“ငါ...ငါမနက်ဖြန်လက်ထပ်တော့မှာဟ”

“ဟာ...ဟုတ်လား၊ ကောင်းတာပေါ့၊ ဘယ်သူနဲ့လဲ”

“အယ်...နင်ကလည်း ဘယ်သူရှိရမှာလဲ၊ နင်အောင်သွယ်ပေးသူနဲ့ပေါ့”

“ကောင်းတယ်...ကောင်းတယ်”

“အဲ့ဒါ ငါတို့နှစ်ယောက်ရဲ့ ဖူးစာရေးနတ်ဖြစ်တဲ့နင့်ကို ငါတို့က သတို့သားအရံလုပ်စေချင်လို့”

“ဗျာ”

အယောင်ယောင်အမှားမှားနှင့်အတူ ချွေးစေးများ ကျလာသည်။

“ဘာဖြစ်လို့လဲဟဲ့”

“အစ်မ မင်္ဂလာဆောင်က မနက်ဖြန်ဆောင်မှာလား”

“အေးလေ၊ ငါကနင့်ကို ကြိုပြောဖို့နှစ်ရက်သုံးရက်လောက်ကတည်းက လိုက်ရှာနေတာ၊ နင်ကကျောင်းထဲမှာကို မတွေ့ဘူး”

“ကျွန်တော် မနက်ဖြန် အပြင်ထွက်လို့ မရဘူးဗျ”

“ဘာဖြစ်လို့လဲ နေမကောင်းဖြစ်နေလို့လား”

“အဲ့ဒီလိုတော့ မဟုတ်ပါဘူး”

ရှင်းပြလို့လဲ နားလည်မှာမဟုတ်ချေ...။

ထို့ကြောင့်

ပုလဲသီးမှာ ခေါင်းတကုတ်ကုတ်နှင့် စဉ်းစားလို့မရ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

"လာခဲ့ပါဟယ်၊ ငါတို့က အမှတ်တရအနေနဲ့ နင်ပါစေချင်လို့ပါ၊ နင်ကိုလည်း ငါကကျေးဇူးဆပ်တဲ့အနေနဲ့ တစ်ခုလုပ်ထားပါသေးတယ်"

သူ့နားထဲတွင် ဘာသံမှမကြားရတော့...။

အတွေးတို့ ပူထူနေပြီး ဘာပြန်ပြောလို့ ပြောရမှန်းလည်း မသိဖြစ်နေသည်။ မနက်ဖြန်သည် မည်သည့်နည်းနှင့်မှ ထွက်လို့မဖြစ်...။

သို့သော် တဖက်မှ အတင်းကာရော ပြောနေသောကြောင့် သူ့မှာအမျိုးမျိုးစဉ်းစားနေမိသည်။

"မနက်ဖြန်ကျရင် နင်ဝတ်မယ့်အဝတ်အစားတွေကို စီစဉ်ထားတယ်၊ လာခဲ့နော်...နင်မလာရင် ငါတို့က မင်္ဂလာပွဲမလုပ်တော့ဘူး ငါတို့မင်္ဂလာပွဲက..."

မပူတူတူကြီးမှာ ပြောချင်ရာ ပြောပြီး ဖုန်းချသွားလေသည်။

"ဟယ်လို...ဟယ်လို"

ဘယ်လိုမှ ပြန်ခေါ်၍မရတော့...။

သူ့မှာသာ ဖုန်းခွက်ကြီးကိုင်ပြီး မဖြစ်မနေအပြင်ထွက်ရသော ကံကြမ္မာကိုပဲ ယုံရတော့မလိုလို၊ မပူတူတူကြီးကိုပဲ ကျိန်ဆဲရမလိုလိုနှင့် ကျန်ခဲ့လေတော့သည်။

❑

ဒီနေ့က သူ့အတွက် ဖူးစာပါမည့်နေ့လား?

www.burmeseclassic.com

www.burmeseclassic.com

## (၃၆)

မင်္ဂလာမဆောင်ခင် ပြင်ဆင်နေသည်များကို ကြည့်ပြီး သူပင် ခေါင်းမူးလာသည်။ မိတ်ကပ်ပြင်ဆင်မှုများ၊ သတို့သား၊ သတို့သမီး၊ မိဘဆွေမျိုးများနှင့် အထူးပင် အလုပ်ရှုပ်နေသည်။

သတို့သားနှင့် သတို့သမီးက ပုလဲသီးကို အထူးအရေးပေး လေ၏။ ပုလဲသီးမှာလည်း အဝတ်အစားများကိုဝတ်ပြီး တစ်နေရာတွင် ငြိမ်ငြိမ်လေးထိုင်နေလိုက်သည်။

မင်္ဂလာပွဲစဖို့အတွက် အချိန်အနည်းငယ်လိုသေးသည်။ ဒီတစ်ကြိမ်သည် သူ့အတွက် သတို့သားအရန် ဒုတိယမြောက်လုပ်သည့် အကြိမ်ဖြစ်သည်။

ပထမ သတို့သားအရန် လုပ်တုန်းက ရင်ခုန်မှုတွေ စိတ်ဆော မှုတွေနဲ့ ကြုံတွေ့ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အခု ဒုတိယအကြိမ်တော့ ဘာမှမဖြစ်လောက်ပါဘူးဟုတွေး မိလိုက်သည်။

"ဟဲ့ . . . ပျှင်းနေပြီလား"

ပြင်ဆင်ပြီးစ သတို့သမီး မပုတူတူကြီးကို တွေ့လိုက်ရသည်။

"မပျှင်းပါဘူး"

"မင်္ဂလာပွဲက စပါတော့မယ်၊ ငါနင့်ကို ကျေးဇူးဆပ်ထားတဲ့ အစီအစဉ်လေးကို နင်မသိချင်ဘူးလား"

"ဘာ . . . ဘာအစီအစဉ်ကိုပြောတာ"

"ငါနင့်ကို ဖုန်းထဲမှာ ပြောထားတာလေ မေ့သွားပြီလား"

"မကြားလိုက်ဘူးဗျ"

တကယ်လည်း အဲ့ဒီအချိန်တုန်းက ထူပူနေ၍ ဘာမှမကြား လိုက်ရချေ . . .။

"ငါနဲ့ ငါ့ချစ်သူက နင့်ကို အရမ်းကျေးဇူးတင်နေတာ၊ ဒါကြောင့် ကျေးဇူးဆပ်ချင်တာနဲ့ အစီအစဉ်လေးတစ် ခုလုပ်ထား တယ်"

"ဟုတ်လား၊ ဘာများလဲ"

"နင်ငါ့ဆီမှာ နာမည်လာစုံစမ်းတဲ့ ကောင်မလေးသိလား"

"ဟင်"

မျက်လုံးပြူးသွားသည်။

"အီချိုမိုးမြင့် . . . နင်ချစ်တဲ့ ကောင်မလေးလေ သိတယ် မှတ်လား"



"သိ . . . သိတယ်"

စကားပင် အနည်းငယ်ထစ်သွားသည်။

"အေး၊ ငါတို့နှစ်ယောက်က နင်ချစ်နေတဲ့ ကောင်မလေးနဲ့ တွဲလို့ရအောင် သူ့ကို သတို့သမီးအရန်အနေနဲ့ ထည့်ထားတယ်"

"ဗျာ"

"မအံ့သြနဲ့ သူကဘယ်သူတွေမလဲသိလား၊ နင်တို့ပါမောက္ခ ရဲ့ တူမဟဲ့၊ ငါပြောဖို့မေ့ကျန်သွားလို့"

"ဟာ"

ရင်သည် ထိန်းချုပ်စွမ်းမရှိအောင် သွက်သွက်ခါလှုပ်ရမ်း နေသည်။

မပုတူတူကြီးကတော့ မရိပ်မိပဲ သူ့စကားသူ ဆက်ပြောနေ၏။

"ဒါပေမယ့် ကောင်မလေးက နင်နဲ့အတူတွဲရမယ်ဆိုတာ မသိဘူး၊ ငါတို့ဘာသာ ငါတို့စီစဉ်ထားတာ"

သက်ပြင်းချလိုက်သည်။

မင်္ဂလာပွဲစရန်လည်း သုံးမိနစ်သာလိုတော့သည်။

မပုတူတူကြီးကတော့ ကောင်မလေးမှာချောကြောင်း နူ သေချာချာကြိုးစားသင့်ကြောင်း စကားများပြောနေလေတော့သည်။

နောက်ဆုံးတွင် သူ့ဆုံးဖြတ်ချက် တစ်ခုချလိုက်သည်။

"သူ . . . အခုဘယ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အိချိုမိုးမြင့်ကို ပြောတာလား"

"ဟုတ်တယ်"

"ဟိုဘက်နားလေးမှာ အလှပြင်နေတယ်"

မပုတူတူကြီးက သူနဲ့ ခပ်လှမ်းလှမ်းနေရာသို့ လက်ညှိုးထိုး ပြသည်။

သူလှမ်းကြည့်လိုက်သည်။ လူတစ်ယောက်နှင့် ကွယ်နေ၏။

ခဏကြာသောအခါ ထိုလူမှာ ထွက်သွားပြီး အလှပြင်နေသော မျက်နှာလေးတစ်ခုပေါ်လာလေ၏။

"အို"

ရင်ထဲတွင် တလှပ်လှပ်ဖြစ်သွား၏။

နှလုံးခုန်နှုန်းသည် အတိုင်းအဆမရှိ ပြင်းထန်နေသည်။

"လှလိုက်တာ"

မထိန်းနိုင်ပဲ အံကျလာသော သူ့စကားသံကြောင့် မပုတူတူကြီးမှာ ရယ်လေ၏။

ထိုအချိန်တွင် မင်္ဂလာပွဲစရန်အတွက် လူကြီးတစ်ဦးက လာခေါ်သြလေ၏။

❑

(၃၇)

"အို"

ပွဲစထွက်သောအခါတွင် သူနှင့်တွဲရမည့် သတို့သားအရန်ကို ကြည့်ပြီး အိချိုမိုးမြင့်မှာ အံ့သြသွားလေသည်။

"ပုလဲသီး"

"ဟုတ်ပါတယ်၊ ငါတောင် ဖူးစာကို ယုံရမလိုဖြစ်နေပြီ"

သူ့လက်ကလေးသည် အိချိုမိုးမြင့် လက်ကလေးဆီသို့ အလို လိုရောက်သွားလေတော့သည်။

"ယုံပြီလား"

အိချိုက တိုးတိုးလေးကပ်မေးသည်။

သူက မဖြေသေးပဲ ရယ်လိုက်ပြီး-

"ဒါဆို အစ်ကိုတို့ ပါမောက္ခက အိချိုဦးလေးကြီးပေါ့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒါပေမယ့် ဦးလေးက ဘာမှစိစဉ်ခဲ့တာမဟုတ်ဘူး၊ သူ့အလိုလိုဖြစ်လာလို့တောင် အံ့သြနေတာ၊ သူလည်းသူ့နယ်က ဓလေ့ကိုယုံတယ်လေ…အဲ့ဒီလိုဖြစ်ပြီး ပါမောက္ခချုပ်ဆီက လက်ထပ်ခြင်းဓလေ့နဲ့ဆိုင်တဲ့စာတမ်း ရောက်လာလို့ ပိုတောင်အံ့သြနေသေးတယ် ပိုပြီးအံ့သြတာက၊ ဆရာ၊ ဆရာမတွေက ပုလဲသီးကို ရေးနိုင်းရင် သင့်တော်မယ်လို့ အကြံဉာဏ်ပေးတာပဲ"

"ဒါဆို ကိုယ်တို့နှစ်ယောက် ဖူးစာပါဖို့ နိမိတ်တွေက တစ်ခုပြီးတစ်ခု ဖြစ်နေတာပေါ့"

"အင်း၊ ဟုတ်တယ်…နောက်ထပ်တစ်ခုမေးရဦးမယ်"

"ဘာကိုလဲ"

"ကျွန်မကို အခုလိုတွေ့လိုက်ရတော့ ဘယ်လိုခံစားရလဲ"

"အရင်က လာမတွေ့မိတဲ့အချိန်တွေကို နှမြောသလိုခံစားရတယ်"

အိချို၏ ချစ်စဖွယ်အပြုံးလေးကြောင့် ပုလဲသီးမှာ နွေးထွေးသလို ခံစားလိုက်ရသည်။

အရင်တုန်းက မကြည့်မိလိုက်သော ပန်းချီကားတစ်ချပ်ကို အခုမှကြည့်ရ၍ နှမြောသလိုလည်း ခံစားနေရသည်။

အခုအချိန်တွင် ပုလဲသီးသည် အိချိုကို အရမ်းချစ်မိသွားခဲ့လေသည်။ ဖူးစာပါအောင် လုပ်ဆောင်ပေးခဲ့သော ဖူးစာရေးနတ်ကိုလည်း ကျေးဇူးတင်နေမိသည်။

ထိုအချိန်တွင် မင်္ဂလာပွဲစရန် အချိန်ကျပြီဟု အော်လိုက်သောကြောင့် မင်္ဂလာသတို့သား၊ သတို့သမီး၊ ပန်းကြဲ၊ ဖန်းကိုင်များနှင့်အတူ သတို့သားအရန်နှင့် သတို့သမီးအရန်တို့လည်း စီတန်းကာ ထွက်လာကြသည်။

သတို့သားအရန်နှင့် သတို့သမီးအရန် ထွက်လာသော အချိန်တွင် ပရိသတ်ထဲမှ ဓာတုဗေဒပါမောက္ခသည် တအံ့တသြနှင့် ကြည့်နေလေ၏။ ထို့ပြင် သူ့ညီမကို လိုက်ပို့သော ညီအစ်ကိုသုံးယောက်ကို တွေ့လိုက်ရ၍ ပုလဲသီးက လက်လှမ်းပြလိုက်သည်။ သူတို့သုံးယောက်တလည်း တအံ့တသြနှင့် ပြန်ကြည့်နေလေသည်။

ခဏကြာတော့မှ တပြုံးပြုံးဖြစ်သွားပြီး -

"ဖူးစာဆိုတာ တယ်မှန်ပါလား"

ဟု ရေရွတ်လိုက်လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့တွင်
နှစ်ဖက်မိဘများနှင့်
နေ့စပ်ကာ မင်္ဂလာပွဲဖြစ်
မြောက်ရေးအတွက် ညှိနှိုင်း
ကြလေသည်။
မင်္ဂလာပွဲကိုလည်း အမြန်ဆုံးဖြစ်နိုင်အောင်
စီစဉ်ကြလေသည်။

ဒီအဖြစ်အပျက်တစ်ခုလုံးမဖြစ်မီ
တစ်လအလိုတွင်
နယ်မြို့လေးတစ်မြို့၌ မင်္ဂလာဆောင်တစ်ခုကျင်းပ၏။
ထိုမင်္ဂလာပွဲတွင် အခြားမြို့မှလာသော ယောကျ်ား
လေးတစ်ယောက်က သတို့သားအရန် လုပ်ပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲပြီးနောက်

ထိုသတို့သားအရန်သည်

ထိုနယ်ရှိ သူ့သူငယ်ချင်းတစ်ယောက်နှင့်

စကားပြောမိလေ၏။

(-)

"အဲ့ဒီ ကောင်မလေးနာမည်က ဘယ်သူလဲ"

"ဘယ်သူ့ကိုပြောတာလဲ"

"မင်္ဂလာပွဲတုန်းက ငါ့မင်းကို လက်တို့ပြီးပြတဲ့ကောင်မလေးလေ"

"ဩော်...အဲ့ချိုမိုးမြင့်တဲ့၊ ငါတို့နယ်ကပဲလေ၊ ဘာလဲမင်းက ကြိုက်လို့လား"

"တော်တော်လှတယ်နော်"

"သူ့ကိုချည်းကပ်ဖို့ မလွယ်ဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com


"ဘာဖြစ်လို့လဲ"

"သူ့မှာ အစ်ကိုသုံးယောက်ရှိတယ်၊ ပြီးတော့ ဦးလေးကလည်း ပါမောက္ခကွ"

"ဟုတ်လား၊ ဘယ်တက္ကသိုလ်က ပါမောက္ခလဲ"

"........တက္ကသိုလ်၊ ဓာတုဗေဒဌာနကလို့ပြောတာပဲ"

သတို့သားအရန်မှာ မျက်လုံးပြူးသွားပြီး

"ဟာ...အဲ့ဒါ ငါတို့မေဂျာက ပါမောက္ခပဲ"

"သူ့အဖေဆိုရင်ဒေါသကလည်း ကြီးတယ်၊ပြီးတော့... သူ့သမီးကိုလည်း တော်ရုံတန်ရုံလူနဲ့ပေးစားတာမဟုတ်ဘူး"

"ဟူး"

သတို့သားအရန်က မျက်လုံးလေးကလယ်ကလယ်နှင့် သူ့သူငယ်ချင်းကို ကြည့်နေလေသည်။

"သူက အခုကျောင်းတက်နေတာလား"

"တက်နေတယ်၊ ငါတို့နှယ်နဲ့ နီးတဲ့ကျောင်းမှာပဲ"

"သူ့ဦးလေးတက္ကသိုလ်မှာ ဘာဖြစ်လို့မတက်တာလဲ"

"အဲ့ဒါတော့ မသိဘူးလေ"

"အစ်ကိုသုံးယောက်ကရော"

"သူတို့ကတော့ အခြားမြို့တွေမှာ စီးပွားရေးတွေရှိတော့ မြို့သွားလိုက် သူ့ညီမနဲ့သူ့အမေတွေဆီ ပြန်လာလိုက်ပေါ့"

"ဪ"

ထိုသို့ပြောနေရင်းမှ သတို့သားအရန်မှာ တစ်စုံတစ်ခုကို သတိရသွားပြီး -

"ငါတစ်ခုမေးရဦးမယ်"

"အေး...ဘာလဲ"

"မင်္ဂလာခန်းမထဲဝင်တုန်းက ကတ်ပြားလေးမှာ ငါ့နာမည်နဲ့ လိပ်စာဖြည့်ရတာ ဘာလုပ်ရတာလဲ"

"ဒါ...ငါတို့နယ်ရဲ့ ဓလေ့လေကွာ"

"ဘာဓလေ့လဲ"

"အခုတော့ ငါတို့နယ်မှာ ဒီဓလေ့ကို ပါဆယ်ဓလေ့လို့ခေါ်တယ်...အရင်တုန်းကတော့ လက်ဆောင်ပေးပို့ခြင်းဆိုပြီး ခေါ်တယ်လို့တော့ ပြောတာပဲ"

"ဘာလုပ်ရတာလဲ"

"မှုးစာရွေးရတာလေ"

❑

www.burmeseclassic.com



(-)

"တကယ်ရော ဟုတ်ရဲ့လား"

"ဟုတ်တယ်ကွ၊ ငါတို့နယ်ရဲ့ဒီဓလေ့က လူသိများတယ်၊ စာအုပ်စာတမ်းတွေထဲမှာတောင် ရှိသေးတယ်"

"ဒါဆို ပါဆယ်ကို ဘယ်သူပို့ကြတာလဲ"

"အဲ့ဒါတော့ အခုထိ ဘယ်သူမှမသိသေးဘူးကွ"

"ဟာ…အဲ့ဒါကြီးကတော့ မဟုတ်သေးပါဘူးကွာ"

ဟုဆိုကာ သတို့သားအရန်မှာ စိတ်ပျက်လက်ပျက်ပုံ ဖြစ်သွားလေ၏။

"ဒါဆို ဒီနေ့မင်္ဂလာဆောင်ပွဲမှာ တက်ခဲ့တဲ့လူတွေက ဖူးစာပါတဲ့လူတစ်ယောက်မှ မရှိရင် ပါဆယ်မရကြဘူးပေါ့"

"အေး…ဒီလိုပဲယုံကြတာပဲ ဖူးစာကလုပ်ယူလို့မှမရတာ"

"မဟုတ်သေးပါဘူးကွာ၊ ဖူးစာကနည်းနည်းတော့ လုပ်ယူလို့ရပါတယ်"

နယ်ခံသူငယ်ချင်းက သူ့သူငယ်ချင်းအကြောင်း ကောင်းကောင်းသိသောကြောင့်-

"အေးလေ…ဒါကတော့ မင်းထင်တာကိုး၊ ငါတို့နယ်က လူတွေက ဖူးစာဆိုတာ သူ့ကံကြမ္မာအတိုင်းဖြစ်လာတာလို့ ယုံကြည်ပြီးသားပဲ"

"ဒါဆို အိမ်ထဲမှာ ထိုင်နေမယ်ဆိုရင်ရောကွာ"

"ဒါကတော့ မပြောတတ်ဘူး"

ထိုသို့ပြောပြီး နယ်ခံလူကလည်း ပြုံး၍သာကြည့်နေလေသည်။

ထို့နောက် သတို့သားအရန်မှာ သူ့သူငယ်ချင်းဘက် ဘက်လှည့်လိုက်ပြီး-

"မင်းတို့ရဲ့ ပါဆယ်ဓလေ့ကို အသေးစိတ်ပြောပြပါလား"

"မင်းက ဘာလုပ်မလို့လဲ"

"ငါ့ဖူးစာကို ကိုယ်တိုင်ဖန်တီးကြည့်ချင်လို့"

❑

www.burmeseclassic.com

www.burmeseclassic.com

သတို့သားအရုပ်သည်
စာရွက်တစ်ခုပေါ်၌
အစီအစဉ်တကျ ချရေးလိုက်၏။

နယ်မြို့လေးမှ သူ့မြို့သို့ ပြန်ရောက်လာသောအခါတွင်-

www.burmeseclassic.com

www.burmeseclassic.com



(၁)

ကောင်လေးတစ်ယောက်သည် စားပွဲပေါ်တင်ထားသော ပါဆယ်ဗူးထဲသို့ ဘေးနားက ပစ္စည်းများအား တစ်ခုချင်းစီထည့်လိုက်၏။

ထို့နောက် ပါဆယ်အား သေသေသပ်သပ်ထုပ်ပိုးကာ ပါဆယ်ဗူးပေါ်၌ 'အိချိုမိုးမြင့်''ဆိုသည့် နာမည်ကို ရေးထိုးလိုက်လေသည်။

(၂)

ပါဆယ်ပို့ပြီး နှစ်ပတ်ခန့်အကြာတွင် ထိုကောင်လေးသည် ကျောင်းသားရေးရာ၌ စာရွက်စာတမ်းများဝယ်ယူနေစဉ် အစ်မကြီး နှစ်ဦး၏ စကားသံများကို တိုးတိုးတိတ်တိတ်ကြားလိုက်ရလေ၏။

''ဟဲ့...နင့်ကို သူကဖွင့်မပြောသေးဘူးလား''

''မပြောသေးပါဘူးဟယ်၊ သူက မပြောရဲသလိုလို၊ ရှက်သလိုလိုလုပ်နေတယ်''

''နင်ကလည်း အရိပ်အခြေလေး မပြဘူးလား''

''ပြတာပဲ...ပြလွန်းလို့၊ ရှင့်ကို ကျွန်မချစ်ပါတယ်လို့ မဖွင့်ပြောရုံတမယ်ပဲရှိတော့မယ်''

ကောင်လေးက အနည်းငယ်ပြုံးလိုက်ပြီး ဝယ်ယူထားသော စာရွက်စာတမ်းများကို ပိုက်ပြီး ပါမောက္ခချုပ်ရုံးခန်းရှိရာ ကျောင်းသားရေးရာအပေါ်ထပ်သို့ တက်လိုက်၏။

''အမ''

''ဟဲ့...နင်တောင် ငါတို့ရုံးခန်းမလာတာကြာပြီပဲ''

ပါမောက္ခချုပ်ရုံးခန်းထဲရှိ စာရေးမက သူ့ကို ခုံတစ်ခုံယူပေးသည်။

''ဟုတ်တယ် အမရယ်...ခရီးသွားနေလို့၊ ဒါနဲ့...အမကလေးက ကျွန်တော်ပေးတဲ့ဆေးနဲ့ အဆင်ပြေလား''

''ပြေလိုက်တာမှ မပြောနဲ့တော့...အရင်တုန်းက ညနက်ဆိုရင် လူးလိမ့်ပြီးငိုနေတာ...ခုဆိုရင် ပြုံးပျော်လို့ ဆော့တောင်ဆော့သေးတယ်''

''အဆင်ပြေရင် ပြီးတာပါပဲ၊ သြော်...ဒါနဲ့အမ...မော်ကွန်းစာတမ်းတင်ရတဲ့ကိစ္စလေး အဲ့ဒါ ခေါင်းစဉ်စာရင်းတွေ ထွက်နေပြီလား''

www.burmeseclassic.com

www.burmeseclassic.com



"အေး...ထွက်နေပြီ"

ဟုဆိုပြီး သူမအံဆွဲထဲမှ စာရင်းစာရွက်တစ်ရွက် ထုတ်ပေးလေသည်။

"ရွေးပြီးပြီလား"

"မရွေးရသေးဘူး"

(၃)

ကင်တင်း၌ သူတစ်ယောက်တည်း ထိုင်နေတုန်း တစ်ဖက်ဆိုင်ရှိ ကျောင်းသားသုံးယောက်သည် မျက်လှည့်ပြတမ်းကစားနေ၏။

မျက်လှည့်ပညာကို တော်တော်လေးလဲ ကျွမ်းကျင်ပုံရသည်။ ထို့အပြင် တခြားတိုလီမိုလီ နည်းစနစ်များကိုလည်း ဆွေးနွေးနေကြ၏။

သူလဲ စိတ်ဝင်တစားနှင့် မသိမသာ စောင်းလှည့်ကြည့်နေမိသည်။

"ရုံးကနေပြန်လာလို့ ညဘက်ကြီးကားပျက်ရောကွာ"

"အင်း"

"မှောင်ကလည်း မှောင်နေတယ်၊ ဓာတ်မီးကလည်း မပါဘူးဆိုရင် ခဲတံတစ်ချောင်းနဲ့ မီးချောင်းလုပ်ပြီး ထွန်းလို့ရတယ်"

"အား...မင်းက အဲ့ဒါတော့ မဖြစ်နိုင်ဘူးထင်တယ်"

"သော်...မင်းတို့ကမယုံဘူးကိုး၊ ငါပြောပြမယ်......"

ဟုဆိုပြီး ခဲတံတစ်ချောင်းနဲ့ မီးချောင်းလုပ်တဲ့ နည်းစနစ်ကို ပြောပြနေလေ၏။

သူလည်း တအံ့တသြဖြစ်နေပြီး လိုက်နားထောင်နေမိသည်။

"လက်တွေ့ကိုတော့ ငါ ညကျရင်ပြမယ်"

"အေး...ကြည့်ကြသေးတာပေါ့ကွာ"

(မှတ်ချက်။ ။ ၄င်းနည်းစနစ်မှာ ဝတ္ထုနှင့်မည်သို့မျှ မသက်ဆိုင်သောကြောင့် အသေးစိတ်ရေးသားခြင်းကို ချန်လှပ်ထားခဲ့ပါသည်။)

တစ်ယောက်က ထိုသို့ပြောလိုက်၍ နောက်တစ်ယောက်ကလည်း အားကျမခံ ဝင်ပြောလေ၏။

"မင်းက အဲ့ဒီလိုပြောတော့ ငါကလည်း ပြောရဦးမယ်"

"ဘာလဲ"

"ဖယ်တောက်တဲ့နည်းလေကွာ"

"အံ့မယ်...ဘယ်လိုတောက်တာလဲ"

"ကိုယ်ဝင်စေချင်တဲ့ ဂဏန်းကို စစတောက်ချင်းအချိန်မှာ ဝင်အောင်လို့ ဖယ်စီစီတဲ့နည်းပါ"

"ဟင်...ဟုတ်လား၊ ဘယ်လိုလုပ်တာလဲ"

"ဟဲ...ဟဲ...ဒါကတော့ မျက်လှည့်ပေါ့ကွာ"

သောက်လက်စ လက်ဖက်ရည်ခွက်ကို ကောက်ကိုင်လိုက်သည်။ ထို့နောက် တစ်ဖက်ဝိုင်းသို့သွားကာ-

"ခဏထိုင်ပါရစေ"

ဟုပြောလိုက်လေ၏။

အားလုံးက သူ့ကို မော့ကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် ရက်အနည်းငယ်အကြာတွင် -

www.burmeseclassic.com

www.burmeseclassic.com

## (၄)

''နာမည် ဘယ်လိုခေါ်လဲ''

''မောင်ပုလဲသီးပါ''

''ဟင် နာမည်ကြီးက ဘယ်လိုကြီးလဲ''

''အဲ့ဒီနာမည်က ကျွန်တော့်ကို လူတော်တော်များများခေါ်

နာမည်ပါ''

''ဪ...ဒါဆို နာမည်အရင်းရှိသေးတယ်ပေါ့''

''ရှိပါသေးတယ်''

''ဒါဆိုဘယ်လိုခေါ်တုန်း''

''ချာလီချက်ပလင်''

''ဟင်...အဲ့ဒါက နာမည်အရင်းလား''

''အင်း...ဟုတ်ပါတယ်၊ ကျွန်တော့်ကိုမမွေးခင် အမေ

BURMESE CLASSIC .com



...လီချက်ပလင်ကားကြည့်နေတာတဲ့၊ ကြည့်ပြီးပြီးချင်း မွေးရောတဲ့၊ ...ကြောင့် အဲ့ဒီနာမည်ပေးထားတာလို့ ပြောတာပဲ''

''အေး..အေး...၊ ထားပါတော့ကွာ၊ မောင်ပုလဲသီးဆိုတဲ့ ...မည်ကရော ဘယ်လိုရလာတာလဲ''

''ဪ...ဒါလား၊ ကျောင်းစတက်တုန်းက ကျွန်တော့်မှာ ...လဲလက်စွပ်တစ်ကွင်းရှိတယ်။ သာမန်ထက်နည်းနည်းကြီးတဲ့ ပုလဲ ...ပါဗျာ။ အမေက ယကြာဆိုပြီးပေးထားတာ၊ အဲ့ဒါနဲ့ စကားပြောတော့ ...က်မှာ အဲ့ဒီပုလဲကြီးက တဝင်းဝင်းတသီးသီးကြီးဖြစ်နေတာပေါ့၊ဒါနဲ့ ...မြင်ကတတ်တဲ့တစ်ယောက်က ပုလဲသီးလို့စခေါ်တာနဲ့ နာမည်တွင် ...သွားတာပဲဗျ''

------------------------------------------

------------------------------------------

------------------------------------------

------------------------------------------

------------------------------------------

------------------------------------------။

□

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတွင် မပုတုတုကြီးနှင့် ငွေစာရင်းဗွာနမှ ကိုထွန်းရှင် တို့၏ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် ငွေကြေး အချိန်အတိအကျ အစစအရာရာလုပ်ဆောင်ပေးခဲ့သောသူမှာ မည်သူဖြစ်ကြောင်း အားလုံးလည်း သိရှိပြီးဖြစ်မှာပါ။

ထို့ပြင် ယခုဖူးစာဖန်တီးမှုတစ်ခုလုံးအား ပုလဲသီးသည် သေတဲ့အထိ မည်သူမှမပြောတော့ဟု ဆုံးဖြတ်ချက်ချလိုက်လေသည်။ ချစ်ရသောသူနှင့် အတူနေရဖို့အတွက် သူဖန်တီးခဲ့သော လှည့်စားမှုလေးတစ်ခုမှာ ရိုးသားဖြူစင်ကြောင်း စိတ်ထဲက တိုးတိုးလေး ပြောနေမိတော့သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ဖူးစာဆိုတာ ကိုယ်ကိုတိုင်ဖန်တီးနိုင်ရင်တော့ အကောင်းဆုံးပဲပေါ့ ....

လေးစားစွာဖြင့် -

လူနေ

## "သိန်း (၂၀) ရရှိနိုင်မည့်အခွင့်အရေး"

ကျွန်တော်သည် ယခု "ပါဆယ်" စာအုပ်အပါအဝင် လုံးချင်းဝတ္ထု စာအုပ် (၁၂) အုပ်တိတိထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။

(၁၂) အုပ်လုံးသည် ကျွန်တော့်ရေးဟန်မူအတိုင်း ဉာဏ်စမ်းများ၊ ပဟေဠိများနှင့် စိတ်ဝင်စားစရာအကြောင်းအရာများကို ရောမွှေကာ တတ်နိုင်သလောက် ကြိုးစားအားထုတ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ စဉ်ဆက်မပြတ်အားပေးခဲ့ပါသော ပရိသတ်ကြီးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ယခု (၁၂) အုပ်မြောက်စာအုပ်တွင်လည်း ပရိသတ်အတွက် စိတ်လှုပ်ရှားစရာ သိန်း (၂၀) ရရှိနိုင်မည့်အခွင့်အရေးကို တင်ဆက်ထားပါသည်။

ဦးစွာ စာဖတ်သူကို ကျွန်တော်က "ပါဆယ်" လုံးချင်းဝတ္ထုနှင့် ပတ်သက်သော မေးခွန်းတစ်ခုကို မေးထားပါသည်၊

ထိုမေးခွန်းကို ဖြေနိုင်ရန်အတွက်လည်း ရွေးချယ်စရာအဖြေများကို ပေးထားပါသည်။

မှန်သည်ဟု ထင်ရသော အဖြေတစ်ခုကို ပရိသတ်က ရွေးချယ်ကာ မူရင်း Form အား ဖြည့်စွက်ပြီး ပေးထားသောလိပ်စာများသို့ ပေးပို့နိုင်ပါသည်၊

စာနယ်ဇင်းဆရာများရှေ့တွင် အဖြေမှန်သောသူများထဲမှ (၅) ဦးကို မဲနှိုက်ရွေးချယ်မည်ဖြစ်ပါသည်။

ထို (၅) ဦးထဲမှ (၁) ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ပြီး (၁) ဦးတည်းကိုသာ သိန်း (၂၀) ပေးအပ်မည်ဖြစ်ပါသည်။

ကျန်သည့် (၄) ဦးအား အမှတ်တရဆုများ ပေးအပ်မည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ယခုပြိုင်ပွဲသည် စာရေးသူ၊ ထုတ်ဝေသူနှင့် သက်ဆိုင်ရာ အသိုင်းအဝိုင်း မိတ်ဆွေများ ဝင်ရောက်ယှဉ်ပြိုင်ခွင့် မပြုထားသောကြောင့် ပရိတ်သတ်များအတွက်သာ ဦးတည်ကျင်းပပေးသော ပြိုင်ပွဲလည်း ဖြစ်ပါသည်။

ဖြေဆိုလိုသောသူသည် တစ်ဖက်တွင်ပေးထားသော မေးခွန်းကို ပေးထားသော အဖြေ (၁၀) ခုထဲမှ (၁) ခုရွေးချယ်ပြီး နောက်တွင်ပါရှိသော မူရင်း Form ကိုဖြည့်၍ ပေးထားသော လိပ်စာများ သို့ (၃၁-၁၀-၂၀၁၀) နေ့ နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။

မှတ်ချက် ။ ။ အဖြေ Form များအား မိတ္တူကူး၍ ပေးပို့ခြင်းမပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

## အိချိုမိုးမြင့် ရရှိသည့် ပါဆယ်ထဲတွင် မည်သည့်ပစ္စည်းများပါသနည်း?

၁။ ပန်းသီးတစ်ခြမ်းနှင့် ပုလဲသီးနာမည်၊ နေရပ်လိပ်စာ

၂။ ပုလဲသီးဓာတ်ပုံနှင့် ကိုယ်ရေးအကျဉ်း

၃။ လက်ထပ်ပွဲအဝင်၌ ပုလဲသီးရေးခဲ့သော ကတ်ပြား

၄။ ပုလဲသီးရရှိသော ပါဆယ်ထဲက ပစ္စည်းများအတိုင်း ပါဝင်သည်။

၅။ စာအုပ်ထဲရှိ ကောင်မလေးကဗျာနှင့် လက်ထပ်ပွဲ၌ ပုလဲသီးရေးခဲ့သော ကတ်ပြား

၆။ ပေးထားသောအဖြေများထဲက တစ်ခုမှမဟုတ်ဘဲ အခြားအဖြေတစ် ဖြစ်ပါသည်။

၇။ စာအုပ်ထဲတွင်ပါရှိသော အမျိုးသမီးပုံ (၃) ပုံနှင့် ကောင်လေးပုံ

၈။ ပုလဲသီးနာမည်နှင့် နေရပ်လိပ်စာ

၉။ ဘာမှမပါဝင်ပါ။

၁၀။ ပုလဲသီးဓာတ်ပုံနှင့် စာတစ်စောင် ပါဝင်သည်။

အဖြေ Form များကို အောက်ပါလိပ်စာများသို့ ပေးပို့နိုင်ပါသည်။

၁။ အမှတ်-၃၈ (၃-လွှာ)၊ ၁၅၃-လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

၂။ အမှတ်-၁၉၊ ၁၅၃-လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

၃။ အမှတ်-၄၅ (မြေညီထပ်)၊ ကျောက်မြောင်းဈေးလမ်း၊ တာမွေမြို့နယ်။

၄။ ပန်းရွက်ဝေစာပေ၊ ၃၂-လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်။

၅။ ကိုလတ်စာပေ၊ ၃၁-လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်။